ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ (17-7-2008) (၅၇၄၂)

တပေါစ တော် မင်္ဂလ မုတ္တမံ

ဖြိုးဖြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံးရေလှောင်တမံ ရိုးဖြတ်ကူးတံတားဖွင့်ပွဲကျင်းပ

ကျေးလက်ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ပေးခဲ့

နေပြည်တော် ဇူလိုင် ၁၆

တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံးရေလှောင်တမံ ရိုးဖြတ်ကူးတံတားဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကျေးရွာပြည်သူများကိုယ်စား ကျေးရွာပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရုံးတောကျေးရွာတံတားကို တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးစိုးရွှေ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဌေးအောင်နှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မြို့နယ်အင်ဂျင်နီယာဦးရဲဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း နှင့် တာဝန်ရှိသူများက မော်ကွန်းကျောက်စာကို နံ့သာရည်များ ပက်ဖျန်းပေးကြပြီး တံတားသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရုံးတောကျေးရွာတံတားကို ကျေးရွာပြည်သူများက ငွေကျပ်သိန်း ၇၀နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံးရေလှောင်တမံ ရိုးဖြတ်ကူးတံတားဖွင့်ပွဲတွင် မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ (စက်မှု-၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မောင်မောင်ထွေး(သတင်းစဉ်)၏ "မုန်တိုင်းသင့် ဧရာဝတီတိုင်း၏ ပြန်လည် ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ သက်ဆိုင်ရာကျေးရွာများသို့ ထွက်ခွာ" (သတင်းဆောင်းပါး) စာမျက်နှာ-၄

ဧရာဝတီတိုင်းတွင် မိုးစပါးဧက ၂ ဒသမ ၂ သန်း စိုက်ပျိုးပြီး

နေပြည်တော် ဇူလိုင် ၁၆

ဧရာဝတီတိုင်းတွင် ဇူလိုင် ၁၅ ရက်အထိ မိုးစပါး ဧက ၂ ဒသမ ၂ သန်း စိုက်ပျိုးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၁၇-၇-၂၀၀၈
(ကြာသပတေးနေ့)

မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်များ ရည်မှန်းပူဇော် ကောင်းမြတ်သောအလုပ်သုံးပါး နေ့စဉ်ကုသိုလ်ပွားများ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့။ ဣသိပတန မိဂဒါဝုန်တောတစ်ခွင်လုံးတွင် သာယာနေသည်။ အရှေ့အရပ်၌လပြည့်ဝန်း ထွက်ပြူစ၊ အနောက်အရပ်၌ နေခြည်ဝန်းဝင်ခါစ ရွှေရည်၊ ငွေရည်တို့ဖြင့် သွန်းအပ်သော အချိန်အခါသမယတွင် ဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဒေသနာကို စတင်ဟောကြားတော်မူခဲ့သည်။

မြတ်ဗုဒ္ဓက ဓမ္မစကြာတရားဦးကို ဟောကြားတော်မူရာတွင် ကာမဂုဏ်အာရုံတို့၌ တွယ်တာကပ်ညိလျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်နှင့် မိမိကိုယ်မိမိပင်ပန်းစွာနှိပ်စက် အားထုတ်လျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်တို့သည် သံသရာမှ မလွတ်မြောက်နိုင်ကြောင်း ပြဆိုတော်မူခဲ့သည်။

မဖျိုမပင့်ပဒါခါသော အလယ်အလတ် ကောင်းမြတ်သော ကျင့်စဉ်သည်သာလျှင် ဉာဏ်မျက်စိကိုပွင့်စေပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သော ကျင့်စဉ်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပေသည်။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်ဘုရားက သစ္စာလေးပါးမြတ်တရားကို ခွဲခြားပြသပြီး သတ္တဝါတို့အမှန်တကယ် ကျင့်ကြံအားထုတ်ရမည့် မဂ္ဂသစ္စာခေါ် ကျင့်စဉ်အမှန် မဂ္ဂင်ရှစ်ပါးတရားကို ဖွင့်ထုတ်ဟောကြားတော်မူသည်။ မဂ္ဂင်ရှစ်ပါးတရားသည် လူသားတို့၏ ပစ္စုပ္ပန်နှင့် သံသရာနှစ်ဖြာသော အကျိုးကျေးဇူးများကို ပြုစေနိုင်သောကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဓမ္မစကြာတရားတော်တွင် မဂ္ဂင်ရှစ်ပါးကို အဓိကထား၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးတရားတွင် မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံ၊ မှန်ကန်သောပြောဆိုမှု၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှု၊ မှန်ကန်သောအားထုတ်မှု၊ မှန်ကန်သောအမှတ်ရမှုနှင့် မှန်ကန်သောတည်ငြိမ်မှုတို့ကို ညွှန်ပြထားရာ ဓမ္မစကြာတရားတော်၏ မွန်မြတ်သောကျင့်စဉ်များပင်ဖြစ်သည်။

ဓမ္မစကြာတရားတော်သည် သာသနာဆိုင်ရာ အသိပညာ၏ မူလပဓာနဖြစ်ပြီး ဒုက္ခအပေါင်းချုပ်ငြိမ်းရာ နိဗ္ဗာန်လမ်းကို ညွှန်ပြထားသည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်မှန်းပူဇော်ကြပြီး မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားများနှင့်အညီ ကျင့်ကြံအားထုတ်ကြိုးပမ်းရင်း **"အလှူဒါန၊ စောင့်သီလ၊ ပွားကြဘာဝနာ"** ဟူသည့်ကောင်းမြတ်သော အလုပ်သုံးပါးဖြင့် ကုသိုလ်ကောင်းမှု နေ့စဉ်ပြုသွားကြရမည် ဖြစ်ပါသည်။ ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင်တောင်ဘက်စောင်းတန်းကြီးအတွက် အင်းစိန်ရွာမ မင်းကြီးလမ်းနေ ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးအောင်သန်းဘတူ၊ ဇနီးဒေါက်တာဒေါ်ခင်ခင်ထွေး၊ သား ဒေါက်တာပြည့်သက်ထွန်း၊ ဇနီးဒေါက်တာသီတာအောင်၊ သမီး မအိမွန်သက်ထွန်းမိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဗိုလ်တထောင်စေတီတော်တွင် တရားတော်များချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၆

ဝါဆိုလပြည့်နေ့ (ဇူလိုင် ၁၇ရက်) (ကြာသပတေးနေ့)မွန်းလွဲ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋကမဟာဂန္ဓဝင်ကျောင်း ဦးစီးပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒ (ရေစကြိုဆရာတော်) အရှင်သူမြတ်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဂါရဝအရှင်သူမြတ်တို့ကနိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် နိဗ္ဗာန်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝါသဝအရှင်သူမြတ်က ဥပုသ်သီလပေးတရားတော်များကို လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး ပါဝင်ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီတွင် ကျင်းပသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ အသင်းဝင်လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဦးမောင်ပါက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များကိုယ်စား စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်အောင်က ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များသည် အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဧရာဝတီတိုင်းလပွတ္တာမြို့နယ်အတွင်းရှိ လှိုင်းဘုန်းကျေးရွာ၊ ပြင် စလူမြို့ ဆင်ခြေရာကျေးရွာ၊ စလူဆိတ်ကျေးရွာ၊ ဘိုကလေးမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့၌ အခြေပြု၍ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်းလေးဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ရောက် အင်းသား၊ အင်းသူများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) ဇူလိုင် ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ အင်းလေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီးကြွရောက်လာသော ဧည့်ပရိသတ်များအား အင်းလေးရိုးရာထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၆

တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလအား အမှူးထား၍ ရန်ကုန်မြို့ရောက် ရမ်းဗြဲမြို့နယ် ဇာတိဖွား၊ ကျောင်းတိုက်ကြီးများမှကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများအား ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားသည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများကြွရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့်ဝါဆိုသင်္ကန်းနှင့်အလှူငွေများကို ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒု-ဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းနိုင် ဖုန်း-၀၉၉၉၂၄၃၆၃ ဦးဦးသာရွှေ ဖုန်း-၀၉၅၁၆၅၈၆၀ ဦးဘိုးတင် ဖုန်း-၀၉၅၀၀၆၉၂၆ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉၅၀၁၄၂၆၄ နှင့် အမှုဆောင်များထံ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါက်တာစိန်လှမောင်၊ သား-မောင်အောင်ခိုင်ဖြိုး၊ မောင်တင်လင်းအောင်မိသားစုက အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကျိုက်တန်ခိုးထွင့်ခေါင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာရှိ မုန်တိုင်းဒဏ်သင့်ခဲ့သည့် ကျိုက်တန်ခိုးထွင့်ခေါင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒ(ကျိုက်ထီးဆောင်း)ဆရာတော် ထံမှကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က စိန်ဖူးတော်ကိုလည်းကောင်း၊ အလှူရှင် ဇေကမ္ဘာကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မိသားစုက ငှက်မြတ်နားတော်ကို လည်းကောင်း အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပထံသို့ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့အား ကြေးဆင်းတုတော်တစ်ဆူစီ ကိုးကွယ်ဆည်းကပ်ရန်အတွက် ပေးအပ်သည်။

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ စိန်ဖူးတော်အား လှည့်လည်အပူဇော်ခံစဉ်။ (ကြေးမုံ)

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဆရာတော်ထံမှ တက်ရောက်လာကြသူများက အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဝန်ကြီးများ၊ အလှူရှင် ဒေါက်တာခင်ရွှေ မိသားစုနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးကြိမ် လှည့်လည် အပူဇော်ခံကြသည်။ ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (ကြေးမုံ)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊
ရှေးရှုနှင်လော့။ (ရွှေဟင်္သာဆရာတော်ဘုရားကြီး)

မြန်မာဘရူဝါရီလီမိတက်၏အထူးအစီအစဉ်
လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

မြန်မာဘရူဝါရီလီမိတက်၏ ၂၀၀၈ ခုနှစ် ကရုဏာရှေးရှု မြန်မာမှုနှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) အထွေထွေ မန်နေဂျာ Mr. Peter Ong နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. Peter Ong က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ Brand Manager ဒေါ်မြစိမ်းရည်က ယခုနှစ် ကရုဏာရှေးရှု မြန်မာမှု နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် အခမ်းအနားတွင် လူမှုရေးအဖွဲ့အစည်း ၁၄ ခုသို့ အလှူငွေများ ပေးအပ်လှူဒါန်းမှု၊ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လှူဒါန်းမှုနှင့်“ ရိုးရှင်းသောဘဝရဲ့ ပျော်ရွှင်မှု” မိတ်ဆက်ပွဲတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)နှင့်အထွေထွေမန်နေဂျာ Mr. Peter Ongနှင့် တာဝန်ရှိသူများက လူမှုရေးအဖွဲ့အစည်း ၁၄ ခုတို့အတွက် အလှူငွေကျပ်သိန်း ၂၈၀ ကို ပေးအပ်လှူဒါန်းရာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ ဘရူဝါရီလီမိတက်သည် ယခုနှစ် ကရုဏာရှေးရှု မြန်မာမှု အထူးအစီအစဉ်အဖြစ် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀ ကျော် စုဆောင်းရရှိခဲ့သည့်အနက် အခမ်းအနားတွင် လူမှုရေးအဖွဲ့အစည်း ၁၄ ခုတို့သို့ ငွေကျပ်သိန်း ၂၈၀ နှင့် ပထမအကြိမ် လှူဒါန်းငွေကျပ် သိန်း ၁၈၀ အပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၄၆၀ လှူဒါန်းခဲ့ပြီး ငွေကျပ်သိန်း ၄၀ ကျော်ကို ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီ လှူဒါန်းရေးရန်ပုံငွေသို့ ထည့်ဝင်ခဲ့ကြောင်း သိရသည်။

ပါဝင်လှူဒါန်း

အလားတူ မြန်မာဘရူဝါရီလီမိတက်သည် မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းများတွင် စုစုပေါင်းငွေကျပ်သိန်း ၁၆၉၀ ကျော်တန်ဖိုးရှိ အလှူငွေများနှင့် အလှူပစ္စည်းများကို လှူဒါန်းခဲ့ရာ၌ အကျိုးတူ ပူးပေါင်းထားသည့် ကုမ္ပဏီများ အလှူငွေ ပေးအပ်ပွဲတွင် လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေကျပ်သိန်း ၁၀၀၀၊ လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရန်ပုံငွေရှာဖွေရေး ဂီတပွဲတော်(မန္တလေး)အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ရန်ပုံငွေရှာဖွေရေး ဂီတပွဲတော်(ရန်ကုန်)အတွက် ငွေကျပ်သိန်း ၂၀၀ တို့ကို လှူဒါန်းခဲ့ပြီး **(ဝဲပုံ)** အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ဖျာပုံမြို့၌ ရေဂါလန်လီတာ ၁၀၀၀ ဆံ့ ရေကန်နှစ်ခု ပါဝင်သည့် ရေသန့်စက်အပြင် လေဘေးသင့် ဧရာဝတီတိုင်းအတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့များ၌ ရေသန့်စက်ကြီး သုံးလုံးကို ထပ်မံ တပ်ဆင်လှူဒါန်းခြင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

နာဂဝါတီသ မြတ်စွာဘုရားကျောင်းတော်ကြီး ဆောက်လုပ်ရန် လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်အတွင်းရှိ ရှေးနှစ်ပေါင်း ၁၀၀ ခန့်က အင်ကြင်းပင်ကြီးသည် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားရာ ယင်းအင်ကြင်းပင်ကြီး၏ပင်စည်ကို မဟာဗောဓိဆရာတော်၏ ဩဝါဒကိုခံယူ၍ နာဂဝါတီသ မြတ်စွာဘုရားဟု ဘွဲ့တော်သတ်မှတ်၍ မတ်ရပ်ရုပ်ပွားတော်မြတ် ထုလုပ်ပူဇော်လျက်ရှိသည်။ အဆိုပါ ရုပ်ပွားတော်မြတ်သီတင်းသုံးရန်ကျောင်းတော်ကြီးလည်းတစ်ပြိုင်တည်း ဆောက်လုပ်နေပြီဖြစ်ရာ တတ်အားသမျှ ကုသိုလ်ပါဝင် လှူဒါန်းကြပါရန် နှိုးဆော်တိုက်တွန်းထားသည်။ (က-ပ)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း၌ လေးထပ်ဝိပဿနာဓမ္မာရုံ တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟ ရွှေနေ ဒေါ်ခင်ကြည်ကအလှူငွေကျပ်သိန်း ၂၀ကို(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်း ၁ ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူ ဓမ္မရိပ်သာကျောင်းတိုက်အတွက် တည်ဆောက်ဆဲ စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ကြည့်မြင်တိုင်မြို့နယ် အင်းစိန်လမ်းနေ ဦးသန်းမြင့်-ဒေါ်စန်းမြင့်၊ သား မောင်စိုးမင်း၊ သမီး မမြင့်မြင့်ခိုင်၊ မထွေးထွေးလှိုင် မိသားစုက အလှူငွေကျပ်သုံးသိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြား မှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေတိုးလာပြီး ရေစီးနှုန်းများလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၈ ခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅) နှင့်(၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားမည်။

ပြောင်းလဲမည့် ရေလမ်းကြောင်းအသစ်မှာ တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့်နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်ကို အထူးဂရုပြုရန်လိုသည်။ အစုန်၊ အဆန်ရေယာဉ်များ အနေဖြင့် ယောချောင်းရေကျချိန်တွင် တံတားကို လုံးဝဖြတ်သန်းခြင်းမပြုရန် သတိပေးနှိုးဆော်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မုန်တိုင်းသင့် ဧရာဝတီတိုင်း၏ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များသက်ဆိုင်ရာကျေးရွာများသို့ ထွက်ခွာ

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)

မြန်မာနိုင်ငံ၏ စပါးကျီ ဧရာဝတီတိုင်းအတွင်း မုန်တိုင်းသင့်ခဲ့သည်မှာ နှစ်လကျော်ခဲ့ချေပြီ။ ပြန်လည် ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

မုန်တိုင်းသင့်ဒေသများ၏ ပြန်လည်ထူထောင်တည် ဆောက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မူလ အခြေအနေထက် သာလွန်ကောင်းမွန်စေရမည်ဟူသည့် ရည်မှန်းချက်ဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော် တို့နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက အားကြိုးမာန်တက် ကြိုးပမ်းအကောင် အထည်ဖော်နေသည်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သွားရောက်ကူညီဆောင်ရွက်ရန် ဒုတိယအသုတ်အဖြစ် ထွက်ခွာသွားသည့် အသင်းဝင်လူငယ်များကို တွေ့ရစဉ်။

အလားတူ အမျိုးသားရေးအင်အားစုကြီးတစ်ရပ် ဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝင်လူငယ်များသည်လည်း ပြန်လည်ထူထောင် တည် ဆောက်ရေးလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွဖြင့် ဆက်လက်ပါဝင်ဆောင်ရွက်ရန် ဇူလိုင် ၁၂ ရက် မွန်းလွဲ ပိုင်းတွင် ရန်ကုန်မြို့မှသက်ဆိုင်ရာ လေဘေးသင့်ကျေးရွာ များသို့ ထွက်ခွာသွားကြပြန်ပါသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ရန်ကုန်မြို့ ဗဟန်း မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်သို့ ရောက်သော် အသင့်ရပ်ထားသည့် မော်တော်ယာဉ်များပေါ်သို့ ပစ္စည်း များကို တင်ဆောင်လျက်ရှိကြသော အသင်းဝင်လူငယ် များအား တွေ့ရသည်။

ယခုသွားရောက်ခြင်းကား ဒုတိယအသုတ်ဖြစ် သည်။ ပထမအသုတ်အနေဖြင့် ဇွန် ၁၀ ရက်တွင် လေဘေးသင့် လပွတ္တာမြို့နယ်ရှိ လိှုင်းဘုန်း၊ ပြင်စလူ၊ ဆင်ခြေရာနှင့် စလူဆိပ်ကျေးရွာ၊ ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်းကြီးနှင့် စက်ဆန်းကျေးရွာတို့သို့ အခြေပြု သွားရောက်ကြ၍ ပြန်လည်ထူထောင်တည်ဆောက် ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းစဉ် များကို အင်တိုက်အားတိုက် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

ယခုဒုတိယအသုတ်တွင် အသင်းဝင် လူငယ် အင်အား ၃၂၉ ဦး ပါဝင်ကြပြီး ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီ တိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက် ပိုင်း)တို့မှ အသင်းဝင်လူငယ် ၁၂၂ဦး၊ မကွေးတိုင်းမှ အသင်းဝင်လူငယ် ၂၀၊ မန္တလေးတိုင်းမှ အသင်းဝင် လူငယ် ၂၀ ဦး၊ ရန်ကုန်တိုင်းမှ အသင်းဝင်လူငယ် ၄၀ နှင့် ဧရာဝတီတိုင်းမှ အသင်းဝင်လူငယ် ၇၂ ဦးတို့ ပါဝင် ကြသည်။

အခြေပြုနေထိုင်ကြမည့် လေဘေးသင့်ဒေသများ ကား ဒေးဒရဲမြို့နယ်ရှိ တိုးကျေးရွာနှင့် ကျွဲဒါးကျေးရွာ၊ ငပုတောမြို့နယ်ရှိ ပြင်ခရိုင်စခန်း အုတ်တွင်းကျေးရွာ၊ လပွတ္တာမြို့နယ်ရှိ ပြင်စလူ၊ သဃ်န်းကြီး၊ စလူဆိပ်၊ တယ်ပင်ကိုင်းနှင့် ကွင်းပေါက်ကျေးရွာ၊ ဘိုကလေးမြို့နယ် ရှိ လှိုင်းဘုန်း၊ ကြိမ်ချောင်းကြီးနှင့် စက်ဆန်းကျေးရွာ၊ ဖျာပုံမြို့နယ်ရှိ ကဒုံကနိကျေးရွာတို့ ဖြစ်ကြသည်။ ဆောင်ရွက်ကြမည့် ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်များကား အိမ်၊ လမ်း၊ ကျောင်းများ ပြန်လည် တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ မိသားစု စားဝတ်နေရေးဘဝ သက်မွေးမှုအဖြစ် ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ဆား လုပ်ငန်းနှင့် လက်မှုလုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက် ပေးခြင်း၊ ကျောင်းသားကျောင်းသူများအား စာပေ သင်ကြားပို့ချပေးခြင်း၊ အသိပညာပေး ဟောပြောပွဲ များ ကျင်းပခြင်းများ အပါအဝင် ကဏ္ဍအလိုက်ဖြစ်ပေ သည်။

အဆိုပါ အသင်းဝင်များ၏ သွားလာနေထိုင်၊ စားသောက်ရေးအတွက် စရိတ်စကအဝဝကို လည်း ကောင်း၊ အိုးခွက်ပန်းကန်များ၊ စားနပ်ရိက္ခာအပြည့်အစုံနှင့် နေထိုင်နိုင်ရေးအတွက် ရွက်ဖျင်တဲ အလုံအလောက်ကို လည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်ကြသော ရှေ့ဦးသူနာပြုသေတ္တာ၊ ငါးမန်းလွှ၊ ပေါက်ပြား၊ ဂေါ်ပြား၊ ဓား၊ တူ၊ တူရွင်း၊ ရိုက်သံမျိုးစုံ၊ သွပ်နန်းကြိုး၊ ပလာယာ၊ ပုံထောင်လှေ၊ စခန်းသုံးအထောက်အကူပြု ပစ္စည်းတို့ကို လည်းကောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ်၏ ပံ့ပိုးမှုဖြင့် တစ်ပါတည်း ယူဆောင် သွားကြသည်။

ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းစဉ်များ ၏ ကြီးနက်ရှိုင်းမှုနှင့်အတူ သွေးနှင့်ကိုယ်၊ သားနှင့် ကိုယ်ဖြစ်ကြသော အသင်းဝင်လူငယ်တို့သည်လည်း ပင်ပန်းမှု၊ နွမ်းနယ်မှု၊ ဆင်းရဲမှုတို့ကို မလွဲမသွေကြုံတွေ့ ရမည်မှာ ဧကန်ပင်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးတွင် ကူညီဆောင်ရွက်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လေဘေးသင့်ဒေသများသို့ထွက်ခွာရန် မော်တော်ယာဉ်ပေါ်သို့ တက်ရောက်ကြစဉ်။

သို့မို့ကြောင့်ပင် အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြရန် ပထမအသုတ် ထွက်ခွာခဲ့ကြသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား ဇွန် ၉ ရက်၌ တွေ့ဆုံမှာကြားရာတွင် **"ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးရန်၊ ပြည်သူလူထုအကျိုးကို ကာကွယ် စောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်း တည်ဆောက်ထားသည့် အသင်းကြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သည် ပြည်သူများ၏အခက်အခဲများကို လက်တွဲကူညီ ဖြေရှင်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ သွားရောက်ရမည့် ဧရာဝတီတိုင်း ဒေသများသည် ပင်လယ်ကမ်းခြေဒေသများဖြစ်၍ သွားလာရေးမှအစ အခက်အခဲအချို့ကြုံတွေ့နိုင်ကြောင်း၊ အသင်းဝင်များ အနေနှင့် သူ့အလုပ်ကိုယ့်အလုပ်မခွဲခြားဘဲ ဒေသခံ ပြည်သူများ၏ နေရေး၊စားရေး၊ ကျန်းမာရေးကိစ္စများ ကို စေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

"ရပ်ရေး၊ရွာရေးသည် အမျိုးသားရေး၏ လူမှုရေး ဆိုင်ရာအခြေခံအုတ်မြစ်ဖြစ်ရာလူမှုရေးဆိုင်ရာရပ်ရေး၊ ရွာရေးများကို အသင်းဝင်များအနေဖြင့် အောင်မြင် အောင်၊ အသင်းကြီး၏ လူမှုရေးဆိုင်ရာ အခြေခံမူနှင့် အညီ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း" ဖြင့် မှာကြား ခဲ့ပေသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး (လူငယ်ရေးရာတာဝန်ခံ) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် ဇူလိုင် ၁၂ ရက်တွင် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက် ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရန် ဒုတိယအသုတ်ထွက်ခွာသွားကြသည့် ပြည်နယ်၊ တိုင်း များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်း နှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

မိမိတို့သတင်းအဖွဲ့ဝင်များသည်လေဘေးသင့်ဒေသ များသို့ သွားရောက်ကြမည့် အသင်းဝင်လူငယ်များ၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့ဝင် ဧရာ ဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ-

"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ အနေဖြင့် ဌာနချုပ်အစီအစဉ်နဲ့ ပထမအသုတ်အဖြစ် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသခြောက်ခုကို အဖွဲ့ခြောက်ဖွဲ့နဲ့ သွားရောက်ခဲ့ပါတယ်။ အဓိကတော့ လေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင် တည်ဆောက်ရေးမှာ ပါဝင်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်းစတဲ့ကဏ္ဍအသီးသီးမှာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့အသင်းဝင်တွေရဲ့ လုပ်ငန်းဆောင်ရွက် ချက်ကြောင့် အသင်းကြီးကို ပြည်သူများ ပိုမိုအားကိုး လေးစားလာကြပါတယ်။ အသင်းဝင်များအနေနဲ့လည်း ပြည်ထောင်စုစိတ်ဓာတ်နဲ့ မိမိတို့လူမျိုးတွေရဲ့ အမျိုးသား ရေးအကျိုးစီးပွားအတွက် ကူညီဖို့သွားကြတာဖြစ်တဲ့ အတွက် အသင်းဝင်တွေအားလုံး တက်တက်ကြွကြွ ရှိကြ ပါတယ်။ ပေးအပ်တဲ့တာဝန်တွေကိုအားလုံးက ကျေပွန်စွာ ထမ်းဆောင်ကြပါတယ်။ ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေနဲ့လည်း အခက်အခဲ မှန်သမျှကို ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျော်ဖြတ်ခဲ့ကြ ပါတယ်။

ကျွန်တော့်အနေနဲ့လည်း ပထမအသုတ်မှာ အဖွဲ့ အမှတ်(၆)နဲ့ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှာ

"အဓိကကတော့ လေဘေးသင့်ပြည်သူ များ အ တွက် ပြန်လည်ထူထောင် တည်ဆောက်ရေး မှာ ပါဝင်ဆောင် ရွက်ဖို့ဖြစ်ပါတယ်"
(ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေး မှူး ဦးသန်းထွန်း)

တစ်လသွားရောက်နေထိုင်ပြီးလုပ်ငန်းများကို ဆောင်ရွက် ပေးခဲ့ပါတယ်။ ညစဉ်အစည်းအဝေးလုပ်ပြီး ဆောင်ရွက်ရ မယ့်လုပ်ငန်းတွေကို ဆွေးနွေးကြပါတယ်။ မနက်ပိုင်းမှာ တန်းစီပြီး လုပ်ရမယ့်လုပ်ငန်းစဉ်တွေကို ချပြပါတယ်။ ကျွန်တော်တို့နေထိုင်ခဲ့တဲ့ တစ်လအတွင်းမှာ တစ်ရက်မှ မနားခဲ့ပါဘူး။

"အခုဒုတိယအသုတ် သွားရောက်ရမယ့် ခရီးစဉ် အတွင်းမှာလည်း အခက်အခဲမရှိအောင် ကျွန်တော်တို့ ဧရာဝတီတိုင်း၊ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင် အဆင့် ဆင့်က ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။"

"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး အနေဖြင့် အမျိုးသားရေးအင်အားစု အသင်းကြီးပီပီ နိုင်ငံအတွင်းမှာရှိကြတဲ့ တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမတွေ အခက်အခဲဖြစ်တာကို ဝိုင်းဝန်းကူညီ ကြမယ့်စိတ်ဓာတ် အမြဲထားရှိကြပါတယ်။ ဒါကြောင့် လည်း ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူ တွေကို သွားရောက်ကူညီဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရ ပါတယ်"ဟူ၍ ပြောကြားသွားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များ ဌာနချုပ်ရုံးမှ ပြန်လည် ထွက်ခွာလာကြစဉ်မှာပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည်လည်း လေဘေး သင့်ဒေသများအတွင်း ပြန်လည်ထူထောင်တည်ဆောက် ရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အရင်းခံ၍ အားကြိုးမာန်တက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ခရီးစတင် ထွက်ခွာသွားကြချေပြီ တကား။ ။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ပိုလ်မှူးချုပ်သန်းဌေး ပဲခူးတိုင်း(အနောက်ပိုင်း) ဘုန်းတော်ကြီးသင်ကျောင်းများသို့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပြည်မြို့ မှတ်ရှည်ကျေးရွာအုပ်စု ဓမ္မောဒယ ဘုန်းတော်ကြီးကျောင်း၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပဲခူးတိုင်း(အနောက်ပိုင်း) ရှိ ဘုန်းတော်ကြီးသင်ကျောင်းများသို့ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများလှူဒါန်းပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး ပြည်မြို့ မှတ်ရှည်ကျေးရွာအုပ်စု ဓမ္မောဒယ ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်း ၂၇ကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကြံခင်းမြို့ မျောက်ချောကုန်း ပရဟိတကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပရဟိတကျောင်း၌ ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးသင်ကျောင်းအတွက် စာရေးကိရိယာများကို တာဝန်ရှိသူများထံသို့ လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့သို့ လည်းကောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ မြို့ရှေ့ကျောင်းတိုက်၌ ကျင်းပသော မြန်အောင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များက တာဝန်ရှိသူများထံ စာရေးကိရိယာများကို လှူဒါန်းကြသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည်ဇူလိုင်၁၃ရက် နံနက်ပိုင်းတွင် မြန်အောင် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရည်ချွန် ဆုနှင်းသဘင်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားမစတင်မီ ဗဟိုအလုပ်အမှုဆောင်က မိုးရာသီသစ်ပင်စိုက်ပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို ကျောင်းဝင်းအတွင်း အမှတ်တရ စိုက်ပျိုးပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက မြန်အောင်မြို့နယ် ပညာရေးအခြေအနေများကို ရှင်းလင်းတင်ပြကာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်အောင်မြို့မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁၈ဦး တို့အား ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများကဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မြန်အောင်မြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်းတစ်ကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ပေးအပ်လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူရှင် ဦးလှိုင်ဟိန်း (ZBT Co,Ltd.) က ငွေကျပ် ၈၁ သိန်းတန်ဖိုးရှိ ကူဘိုတာလက်တွန်းထွန်စက်ပစ္စည်းအစုံ သုံးစီးကို ပေးအပ်လှူဒါန်းစဉ်။
(သတင်း-ကျော်ဖုံး) (လူမှုဝန်ထမ်း)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၁၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၁၃ ရက်က မြို့နယ်အသင်းရုံး၌ကျင်းပရာ အောင်ဆန်းမဟာမြိုင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်က ဝါဆိုသင်္ကန်း ၄၅စုံ ဆက်ကပ် လှူဒါန်းစဉ်။
(၅၄၁)

ဂျပန်နိုင်ငံ တိုကျိုမြို့မှ ဒါယကာ၊ ဒါယိကာမတို့၏ ပင့်လျှောက်ချက်အရ တောင်ငူမြို့ အေးရိပ်သာကျောင်းနှင့် ရန်ကုန်ပြည့်စုံအေး သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုဇာတနှင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဓမ္မအောင်မြေစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒတို့ ဇူလိုင် ၁၅ ရက်က ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဟောင်ကောင်တို့သို့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် သုံးလကြာ ဓမ္မဒူတခရီး ကြွရောက်တော်မူရာ ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်ကြည်ညိုကြစဉ်။
(၆၁)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

မော်လမြိုင် ဇူလိုင် ၁၆

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်နေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဦးစီးပဓာန နာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိမလက နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားတော်မူမည်ဖြစ်သည်။
(က-ပ)

ပုန်းညက်ကယ်မာလာမင်း သင်းလှသည့်လဝါဆို

ဝါဆိုလသည် မြန်မာပြက္ခဒိန်လများတွင် စတုတ္ထမြောက်လဖြစ်ပြီး နွေဥတုရော၊ မိုးဥတုပါ နှစ်မျိုးစလုံး အကျုံးဝင်သောလ ဖြစ်ပါသည်။ နွေ၊ မိုး ရောနှောနေသော လရာသီဖြစ်သဖြင့် ကဆုန်၊ နယုန်လများကဲ့သို့ အပူရှိန်ပြင်းထန်ခြင်း မရှိတော့သည့်အတွက် ဝါဆိုလတွင် ရွာသွန်းသော မိုးရေသည် အလွန်အေးမြလှပါသည်။ ယင်းသို့ အေးမြသည့်ရာသီတွင် တောတန်းတစ်လျှောက်၌ ဖွေးဖွေးဖြူအောင် ပွင့်လျက်ရှိကြသည့် မိကျောင်းပန်းများကို ရည်ညွှန်းလျက် **"ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"** ဟု မှတ်တမ်းပြုခဲ့ကြပေသည်။ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ ရေပြည့်လျှံနေသည်ကို အကြောင်းပြု၍ **"ဝါဆိုငယ်မှဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ရွာတောင်ကချောင်း"** ဟူ၍ အိုင်ချင်းတစ်ပုဒ်တွင် စပ်ဆိုထားပါသည်။

ဝါဆိုလကို ကရကဋ်ရာသီဟုခေါ်ပြီး ပြုဗ္ဗာသာဠ် နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်၌ ယှဉ်ပြိုင်ထွန်းပ၍ နေမင်းကား ဖုဿျှနက္ခတ်နှင့် ယှဉ်ပြိုင်ခြင်း၊ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်ပြီး ရာသီပန်းများမှာ ပုန်းညက်ပန်းနှင့် မြတ်လေးပန်းတို့ဖြစ်ခြင်း၊ ရှေးမြန်မာဘုရင်များ "ပဉ္စင်းတော်ခံပွဲ" ကျင်းပခြင်းစသည်တို့ကို အကြောင်းပြုလျက် မဟာအတုလမင်းကြီးက ဝါဆိုလဘွဲ့ လွမ်းချင်းတွင် -

"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့ မည်းညို။
လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာသာဠ်
ထွန်းတဲ့လကိုလေး။
ဆင်တာရာငယ်၊ ရာသီ ကရကဋ်။
နရိန္ဒာလဲ၊ ညာတောင်နတ်နှင့်၊ ဖိုလ်မြတ်ကယ်နိဗ္ဗူ။
အောင်ဆုယူလို့၊
ရှစ်ဖြူရိပ်စံ၊ ပဉ္စင်းတော်ခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊
ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ်လေး--။"

ဟုစပ်ဆိုခဲ့လေသည်။

ဝါဆိုလပြည့်နေ့ကား **"သန္ဓေ၊ တောထွက်၊ ဓမ္မစက် တစ်ချက်ပြာဋိဟာ"** ဟုဆိုသည့်အတိုင်း ဗုဒ္ဓသာသနာတော် သမိုင်းတွင် ထူးခြားသော မှတ်တမ်းဖြစ်ရပ်ကြီး လေးခုဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ဖြစ်ရပ်များသည် ဝါဆိုလပြည့်နေ့များ၌သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

(၁) **သက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ ကြင်ရာတော် သီရိမဟာမာယာ မိဖုရားကြီး၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်းတော် သန္ဓေယူတော် မူခဲ့ခြင်း၊**

(၂) **ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသည့် နိမိတ်ကြီးလေးပါးကို မြင်တွေ့ပြီးသောအခါ သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံအချိန်၌ တောထွက်တော်မူခြင်း၊**

(၃) **သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်ကို ရောက်တော်မူပြီးနောက် သက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ နေဝင်စအချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော် ဟောကြားခဲ့ခြင်း၊**

(၄) **သက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သင်းအား တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ခြင်း၊**

ဤဝါဆိုလ၌ ဗုဒ္ဓ၏တပည့် သံဃာတော်များသည် မိမိတို့သီတင်းသုံးရာကျောင်းသခ်မ်း၌ ဝါကပ်မီသောအလေ့ဖြင့် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလတိုင်တိုင် တစ်နေရာတည်း၌ သီတင်းသုံးကြရသည်။ ယင်းသို့ တစ်ကျောင်းတည်း၌ သီတင်းသုံးသည်ကို **"ဝါဆိုသည်၊ ဝါကပ်သည်"**ဟု ခေါ်ဝေါ်ကြပါသည်။ သာမန်အားဖြင့် ထိုဝါတွင်းသုံးလ ကာလအတွင်း ရဟန်းတော်များသည် မိမိသီတင်းသုံးသည့် ကျောင်းတိုက်မှ အခြားတစ်ပါးသို့ ခရီးယာယီမသွားရပေ။ မလွှဲမရှောင်သာ သွားလာရသည့်အခါ ယင်းသို့သွားရသည့် ခရီးကို **'ဝါပန်သည်'** ဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ ရဟန်းတော်များအနေဖြင့် **'ဝါပန်'**သည့် အမှုကိုပြုခဲလှပါသည်။

ရှေးယခင်က ရဟန်းတော်တို့သည် ဝါဆိုလအခါ မိုးတွင်းကာလ၊ ထွန်ယက်စိုက်ပျိုးချိန်၌ သွားရိုးသွားစဉ် ခရီးသွားလေ့ရှိကြရာ၊ လယ်ကန်သင်း၊ လယ်ကွင်းများကို ဖြတ်ကျော်သွားရသည့်အတွက် စိုက်ခင်းမှ သီးနှံများ၊ စပါးပင်များ ထိခိုက်ပျက်စီးသကဲ့သို့ ပိုးမွှားသတ္တဝါများ သေကျေကြသည်လည်းရှိသောကြောင့် လူပုဂ္ဂိုလ်တို့နှင့်တကွ သတ္တဝါတို့၏ အကျိုးစီးပွားကို မထိခိုက်စေရေးအတွက် ဝါတွင်းသုံးလ၌ ခရီးမသွားဘဲ မိမိကျောင်း၌သာ သီတင်းသုံးကြရန် မြတ်စွာဘုရားရှင်က ပညတ်တော်မူပါသည်။ ဤသို့ပညတ်သည်မှစ၍ ရဟန်းသံဃာများ ဝါဆို၊ ဝါကပ်သည့်အလေ့ပေါ်ပေါက်လာပြီး ဝါတွင်းသုံးလပတ်လုံး မိမိသီတင်း သုံးရာကျောင်း၌ မပြတ်နေထိုင်တော်မူကြရလေသည်။

သို့ဖြစ်ပါ၍ ဝါဆိုလတွင် ရဟန်းသံဃာတော်များနှင့် သက်ဆိုင်သော ဝါဆိုဝါကပ်ပွဲကို ကျင်းပပေသည်။

မြန်မာတို့သည် ဝါတွင်းသုံးလကို အလေးအမြတ်ပြုကြပြီး ထူးမြတ်သောကာလအဖြစ် သတ်မှတ်ကြသည်။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဝါတွင်းသုံးလတွင် ကျရောက်သော ဥပုသ်နေ့တိုင်းတွင် သီတင်းသီလ ဆောက်တည်ခြင်းပြုကြသည်။ ရှေးအခါက ဝါတွင်းကာလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ ဆောက်တည်စေခြင်း၊ တရားဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းစေခြင်းတို့အတွက် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း၊ အင်ရုံရွာစားဝန်ကြီး သီရိဉဇနာရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် **"ပြည်သူပြည်သားတို့ ယခုဝါဆိုလသို့ ရောက်ပြီ၊ ပါဏာတိပါတာ သူ၏အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါနာသူမပေးသော ဥစ္စာကိုခိုးယူခြင်း၊ ကာမေသုမိစ္ဆာ သူ့မယားကို ပြစ်မှားခြင်း၊ မုသာဝါဒါ မဟုတ်မမှန်သော စကားကိုဆိုခြင်း၊ သူရာမေရယသေရည်သေရက် သောက်ခြင်းတို့ကို ရှောင်ကြဉ်၍ ပဉ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့ကို ဆောက်တည်ရမည်။ အလှူပေးခြင်း၊ သီလသီတင်း ဆောက်တည်ခြင်း၊ ဘာဝနာစီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာစိတ်ရှိသမျှကို လျှုဒါန်းဆောက်တည်ကြကုန်"** ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ထို့နည်းတူ ငယ်စဉ်အခါက ရွတ်ဆိုခဲ့ကြသော ဝါတွင်းအချိန်ကာလ ယဉ်ကျေးမှုသရုပ်ကို ပေါ်လွင်သည့် **"ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းတက်မယ်၊ မောင်လဲလိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်၊ ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့ ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်။ မောင်မဆော့ပေါင် စိပ်ပုတီးနဲ့ ဘုန်းတော်ကြီး လိုနေပါ့မယ် လိုက်မယ် လိုက်မယ်"** ဟူသော ဥပုသ်စောင့် ကဗျာလေးမှာလည်း ဘိုးဘိုးက ငှက်ပျောခိုင်ထမ်းလျက် ဘွားဘွားက ဆွမ်းအုပ်နီနီရွက်၍ ရွာဦးကျောင်းတော်ဆီသို့ ဥပုသ်စောင့်ရန်သွားကြပုံကို အမှတ်ရစေပါသည်။

ဝါဆိုလ၏မွှေးရနံ့ကို မဟာအတုလမင်းကြီးက**"ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ် လေး"** ဟု ဖွဲ့ဆိုခဲ့သကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင်ကျယ်စွာ ဆောင်ရွက်သောကာလဖြစ်သည့် ဝါဆိုလတွင် စပါးပင်များ ရှင်သန်အားကောင်းပြီး ယင်းတို့ကို ပျိုးနုတ်၍ စနစ်တကျ ကောက်စိုက်သော အချိန်ကာလဖြစ်ပေသည်။ ဝါဆိုလ၌ မြန်မာ့လယ်ယာမြေတစ်ခွင်လုံး ကောက်စိုက်သမတို့၏ တေးသံဖြစ်သည့်-

"ပျိုလေးတို့ကောက်စိုက်ရာ
လိုက်လာနှင့်လေး
လိုက်လာလျှင် ၊ ရွှံ့စင်ရော့မယ်
ဗောင်းကြော့ရင်သွေး"
"ညည်းစိုက်တဲ့ကောက်ပင်ငယ်
မှန်း ဘယ်မျှကြီး
ဟောကြည့်စမ်း၊ တစ်နှံ့ကို
ဆယ်ပြည်ထွက်တယ်၊ ဖြိုးအက်လို့သီး" . . . သည်လယ်ယာမြေ၏ ရိုးစင်းလှပသော တေးကဗျာများအဖြစ် ခေတ် အဆက်ဆက် သီဆိုလာခဲ့ကြသည်။

ထို့ကြောင့် **ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အင်အားအပြည့်ဖြင့် အရှိန်အဟုန်ယူ လုပ်ကိုင်ရသောလဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝါဆိုလပြည့်နေ့သည် "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဟူသည့် ထူးခြားသောဖြစ်ရပ်များဖြင့် မွန်မြတ်ထင်ရှားလှပြီး ဝါဆိုလသည်လယ်ယာလုပ်အားရှင်တို့၏ တေးသံများဖြင့် ဆွတ်ပျံ့ဝေစည်နေပေသည်။** ဝါဆိုလသည် ဘာသာယဉ်ကျေးမှုကို ဖော်ညွှန်းပြဆိုသောလ ဖြစ်သည့်ပြင် နိုင်ငံတော်၏ရိက္ခာ ဖူလုံကာ စီးပွားတိုးတက်စည်ပင်စေမည့် လယ်ယာလုပ်ငန်း ဆောင်ရွက်မှုတို့ကိုလည်း စွမ်းစွမ်းတမံ လုပ်ကိုင်သည့်လဖြစ်သည့်အတွက် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ဖော်ဆောင်သော လမြတ်ဝါဆိုတွင် ငြိမ်းအေးချမ်းသာသော လူ့ဘောင်ဘဝသို့ ရောက်ရှိကာ သာယာဝပြောစည်ပင်စေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားလိုက်ရပါသတည်း။ ။

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဆောင်ရွက်ရန်အတွက် အင်အားအပြည့်ဖြင့် အရှိန်အဟုန်ယူ လုပ်ကိုင်ရသောလဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝါဆိုလပြည့်နေ့သည် "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဟူသည့် ထူးခြားသောဖြစ်ရပ်များဖြင့် မွန်မြတ်ထင်ရှားလှပြီး ဝါဆိုလသည် လယ်ယာလုပ်အားရှင်တို့၏ တေးသံများဖြင့် ဆွတ်ပျံ့ဝေစည်နေပေသည်။

လမြတ်ဝါဆို

* သန္ဓေတောထွက်
ဓမ္မစက်ဟု
သုံးချက်မင်္ဂလာ၊ ပြည်စုံဖြာလျက်
ပုန်းညက်မြိုင်ဆိုင်၊ ပျံ့လှိုင်ကြိုင်သင်း
ပဉ္စင်းတော်ပွဲ၊ ဆင်နွှဲကျင်းပ
ဝါဆိုလမှာ၊ ပြုဗ္ဗာသာဠ်နက္ခတ်
ကရကဋ်ရာသီ၊ ဆင်တာရာကြည်ရွှန်း
တင့်ထွန်းသာလှ၊ ဝသန္တဝယ်
မြန်မာ့မြေတွင်၊ စိမ်းလန်းရှင်သန်
ကောက်နှံစပါး၊ ကျောက်သံပတ္တမြားနယ်
ထည်ဝါအံ့မဆုံး၊ ပြည်လုံးအနှံ့
နိုင်ငံ့ကျက်သရေ၊ တက်ဖြိုးဝေလျှမ်း
စိမ်းလန်းစိုပြည်နေလေပြီ။
* မိုးအမွှန်မောင်
ပြည်ထောင်တစ်ဝန်း၊ အနှံ့သွန်းရွာ
ဝါဆိုမိုးလ၊ သမယမှာ
သံဃာတော်မြတ်၊ ဝါကပ်ဝါဆို
ထိုထိုကာလ၊ သီလဆောက်တည်
ရွှေပြည်သူများ၊ တရားဓမ္မစက်
ရွတ်လျက်ကြည်မွေ့၊ သည်ဓလေ့ကောင်း
ကျောင်းကန်ဘုရားမှာ၊ ဒါနပွားသူ
နိဗ္ဗူရည်မှန်း၊ ဝါဆိုပန်းနှင့်
သက်နှင်းဆက်ကပ်၊ လမြတ်ဝါဆို
ငြိမ်းချမ်းစိုပြည်၊ ငါတို့မြေက
ဗုဒ္ဓဂုဏ်ရှိန်၊ မညှိုးမှိန်သည်
ဖြိုးထိန်လင်းလက် ဝေဝေစည်။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

ရွှေမင်းဝံသာသနာ့ရိပ်သာများ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

ပဲခူးတိုင်း ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု စာသူငယ်ကျေးရွာ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၂၀ ရက်(တနင်္ဂနွေနေ့)တွင် ယင်းရိပ်သာရှိ ရှမ်းလေးမဟာဓမ္မဗိမာန်အပေါ်ထပ်၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ အမှတ် (၇၀) သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မဟာဓမ္မဗိမာန် အပေါ်ထပ်၌ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန်စီစဉ်ထားကြောင်း သိရှိရသည်။

(က-ပ)

ရေးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၆

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် သာကေတမြို့နယ် နေလကမ္ဘာ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရေးမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်ကြွရောက်ကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အလုပ်အမှုဆောင်များဖြစ်ကြသော ဦးမြင့်ဆွေ ဖုန်း - ၅၈၀၄၉၅၊ ဦးစံလွင် ဖုန်း- ၂၄၄၇၈၃၊ ဦးဖေအောင် ဖုန်း - ၅၇၀၀၆၂၊ ဦးဝင်းတင် ဖုန်း - ၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း - ၅၄၈၃၇၅၊ ဒေါ်ခင်စောမြင့် ဖုန်း - ၅၀၁၅၁၇ နှင့် ဒေါ်မိမိဆန်း ဖုန်း - ၀၉-၅၀၄၂၂၇၄ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၀၈)ကျင်းပ

သဘာပတိ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၆

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၀၈)ကို ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ငန်းအဖွဲ့အလိုက် တင်ပြစေလိုကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Work-Shop)များကို ကျင်းပရန်ရှိကြောင်း၊ အာဆီယံလူ့အခွင့်အရေးအဖွဲ့ ဖြစ်ပေါ်လာစေရေးအတွက်လည်း လိုအပ်သည့်အချက်အလက်များကို ထည့်သွင်း စဉ်းစားဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များက မိမိတို့၏လုပ်ငန်းအလိုက် လူ့အခွင့်အရေးဆိုင်ရာ ပိုမိုတိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်ထားရှိသည့် အချက်အလက်များကို တင်ပြဆွေးနွေးကြပြီး သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများအဖွဲ့ လေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်း

ရန်ကုန် ဇူလိုင် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်စီစဉ်ဆောင်ရွက်မှုများဖြင့် လေဘေးသင့် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီတွင် ရှောက်ချောင်းကျေးရွာအုပ်စုနှင့် သူရဲချောင်း ကျေးရွာအုပ်စုတို့သို့ မော်လမြိုင်ကျွန်းမြို့မှ တိမ်ခိုးဆေးရုံသင်္ဘောဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် သမားတော် ဒေါက်တာ ကျော်လွင်ဦး၊ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဆွေဆွေဝင်း၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာ မျိုးအောင်ကျော်၊ ကလေးအထူးကုဆရာဝန် ဒေါက်တာ အောင်မျိုးထွန်းနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာဇော်ဝင်းတို့ လိုက်ပါသွားကြပြီး ရှောက်ချောင်း ကျေးရွာအုပ်စုနှင့် သူရဲချောင်း ကျေးရွာအုပ်စုတို့မှ လေဘေးသင့် ပြည်သူများအား အခမဲ့စမ်းသပ် ကုသပေးမည့်အပြင် စိတ်ကျန်းမာရေးဖြင့် စိတ်ဓာတ်မြှင့်တင် ကုသပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခရစ်ကက် နည်းပြသင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာခရစ်ကက် အားကစားနည်း တိုးတက်မြင့်မားလာစေရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အာရှ ခရစ်ကက်ကောင်စီနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့က ပူးပေါင်း၍ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ တောင်ကြီးမြို့နှင့် ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့တို့၌ ဖွင့်လှစ်မည့် **Level. O. Cricket Coaching Course** သင်တန်းတွင် နည်းပြဆရာအဖြစ် တာဝန်ယူမည့် **ACC Cricket Development Officer, Mr.Aminui Islam** သည် ဇူလိုင် ၁၄ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် **Level. O. Cricket Coaching Course** သင်တန်းကို စတင်ဖွင့်လှစ်ရာ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် သင်တန်းသား ၃၀ တို့ ပါဝင်တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများနှင့် ACC Cricket Development Officer Mr. Aminui Islam တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(ခရစ်ကက်အဖွဲ့ချုပ်)

ကိုးထပ်ကြီးဘုရား ဝါတွင်းသီလပေးနှင့် တရားပွဲ

ရန်ကုန် ဇူလိုင် ၁၆

ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့နှင့် ဝါဆိုကထိန်အဖွဲ့တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလ လပြည့်၊ လကွယ်၊ ရှစ်ရက်၊ ဥပုသ်နေ့များတွင် ကိုးထပ်ကြီးဘုရား အာရုံခံ တန်ဆောင်းကြီးအတွင်း၌ နံနက် ၁၀ နာရီတွင် သီလပေးပွဲများနှင့် မွန်းလွဲ ၂ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဗားကရာ တိုက်ဝင်းအတွင်းရှိ ဩဝါဒါစရိယ ဆရာတော်ကြီးများက သတ်မှတ်အစီအစဉ်အတိုင်း သီလပေးခြင်းနှင့် တရားတော်များကို ဟောကြားမည်ဖြစ်ရာ သူတော်စင် သူတော်ကောင်း အပေါင်း ကြွရောက်နိုင်ကြကြောင်း သိရသည်။

(၀၄)

ဝမ်းတွင်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်နှင့် ဆရာတော်ကြီးများ ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေးပွဲကြီးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအားပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် လေဘေးသင့်သူများအား ထောက်ပံ့ပွဲတို့ကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ဝမ်းတွင်းမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

၂၀၀၆-၂၀၀၇နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တို့တွင် အခြေခံပညာအထက်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား၊ သမီးများအတွက် ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဇူလိုင် ၂၃ ရက် နောက်ဆုံးထား၍ အမှတ် (၂၈/ဘီ) ဦးဖိုးစိန်လမ်း တာမွေမြို့နယ် ဖုန်း - ၅၄၄၃၀၇၊ ၀၉-၅၀၇၇၇၅၅၊ ၀၉-၉၀၃၁၃၁၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီ က အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်အလုပ်စခန်း အသီးသီးမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၈၇ ဦး စုစုပေါင်း ၉၉ ဦးတို့အား ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ညွှန်ကြားရေးမှူးများနှင့် ဇနီးများက ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်းငွေကျပ်၃၀၂၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သတင်းများ ဝေဝေဆာဆာဖြင့် ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)အမှတ် (၅)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၆

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၅)ကို ဇူလိုင် ၁၅ ရက်တွင် ဖြန့်ချိလိုက်ပြီဖြစ်ရာ အဆိုပါ ဂျာနယ်တွင် မော်ကျွန်းစိုးမြင့်၏ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်သည် ၂၁ ရာစု၏ အဓိကမဟာပြဿနာဖြစ်လာ၊ သဘာဝဘေးအန္တရာယ်နှင့်ယှဉ်တွဲပြီး ဘယ်လိုရှင်သန်နေထိုင်မလဲ၊ စိုးသီဟစိုး၏ နာဂစ်မုန်တိုင်းသင့် ဧရာဝတီလမ်းကွန်ရက် တစ်ခေတ်ပြောင်းပြီ၊ စိန်ဝဇီရ၏ ဧရာဝတီတိုင်း လေဘေးသင့်ခုနစ်မြို့နယ် ရေလုပ်ငန်းပြန်လည်နိုးထလာပြီ၊ သတင်းထောက်တစ်ဦး၏လေဘေးသင့်ပြည်သူများ နေအိမ်အတွက် မပူနှင့်၊ အသင်းဝင်တစ်ဦး၏ စဉ်ဆက်မပြတ် ပြည်သူ့အကျိုးထာဝရ သယ်ပိုးနေကြမည်သာ၊ မောင်ထူးအောင်၏ မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေး ဆက်လက်ကြိုးပမ်း၊ စိုင်းသိန်း(ကျိုင်းတုံ)၏ မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ကြိုးစားခဲ့ကြသည့် စာပေပညာရှင်များအား နိဝါတမှ နမာမိဟု ဆိုပါရစေ၊ မောင်လှေလာ၏ နိုင်ငံဂုဏ်ပြုယှဉ်ကျေးမှု သုတေသနစာတမ်းများစသည့်သတင်းဆောင်းပါးကောင်းများအပြင် ပြည်တွင်း၊ ပြည်ပသတင်းများ စုံစုံလင်လင်၊ သတင်းဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သောနေရာများမှာ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ် (၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုဇွန်တောင်ဈေး အုန်း+ငှက်ပျောလှူငယ်များ ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၆

ပုဇွန်တောင်ဈေး အုန်း+ငှက်ပျောလှူငယ်များ၏ ဝါဆိုမြတ်သင်္ကန်းကပ်လှူပူပွဲကို ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့)တွင် ပုဇွန်တောင်မြို့နယ် မြသိန်းတန် စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဦးကေသရအား အမှူးထား၍ ကျောင်းရှိစာချ၊ စာသင် သံဃာတော်များအား ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးတိုင်းရှိ အရာထမ်းများအားတွေ့ဆုံ လုပ်ငန်းလျာထား ရည်မှန်းချက်တာဝန်များပြည့်မီရေး မှာကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ဦးစီးဌာန၊ လုပ်ငန်းတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အရာထမ်းများအား အမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

နေပြည်တော် ဇူလိုင် ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၄ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ကြီးက ဒေသစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန်စေရေး၊ ဘဏ်နှင့်ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာ သပ်ရပ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာန၊ လုပ်ငန်းတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အရာထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားသည်။ အစီအစဉ်အရ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ခံများ၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ တာဝန်များဆောင်ရွက်ကြရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ရေး၊ တာဝန်များဆောင်ရွက်ကြရာတွင် ဆက်ဆံရေးချိုသာပြေပြစ်မှုနှင့် ရိုးဖြောင့်မှန်ကန် တာဝန်သိမှု၊ သစ္စာရှိမှုတို့ဖြင့် ဆောင်ရွက်ကြရေး၊ ဌာနအလိုက် ချမှတ်ထားသည့် လုပ်ငန်းလျာထားရည်မှန်းချက် တာဝန်များ ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ရင်း ဒေသစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါတွင်းကာလ ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် အတွင်းရှိ ဓမ္မာရုံကြီးလေးရုံမှ ကျောင်းတိုက်ကြီး ၁၀ တိုက်ရှိ ဝါဆိုသံဃာတော် ၄၄၇ ပါးနှင့် ကြားကျောင်းတိုက်များမှ ကြွရောက်အလှူခံမည့် သံဃာတော် အပါး ၁၀၀ စုစုပေါင်း သံဃာတော်အပါး ၅၀၀ ကျော်တို့အား ဝါတွင်းကာလ ဇူလိုင် ၂၂ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ၁၃ပတ်တိတိ အင်္ဂါနေ့နံနက်တိုင်း ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူမည်ဖြစ်သည်။

ထို့ပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်)(ဓမ္မစကြာနေ့)တွင် လမ်း(၄၀) အောက်လမ်းရှိ သာသနာ့ရောင်ခြည်ဓမ္မာရုံ၌ ပညာရာမိကာမဟာ(အေ)ကျောင်းတိုက်မှ သံဃာတော် ငါးပါးတို့အားပင့်ဆောင်၍ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဘုံဆွမ်း ဆက်ကပ်မည်ဖြစ်သည့်အပြင် ဝါတွင်းဥပုသ်နေ့တိုင်း ဥပုသ်သီလ ဆောင်တည်လိုသူ ဗုဒ္ဓဘာသာဝင်များနှင့် ပန်းဆိုးတန်း၊ ကုန်သည်လမ်း၊ ဗိုလ်အောင်ကျော်လမ်းနှင့် မဟာဗန္ဓုလလမ်းရှိ အစိုးရရုံးဌာန၊ ပုဂ္ဂလိကရုံးဌာနများမှ ဝန်ထမ်းများ ဥပုသ်သီလတရားတော်များ နာယူနိုင်ရန်အတွက် ဝါတွင်းဥပုသ်နေ့တိုင်း နံနက် ၁၀ နာရီတွင် သာသနာ့ရောင်ခြည်ဓမ္မာရုံ၌ ဗိုလ်တထောင်မြို့နယ် ပညာရာမိကာမဟာ (အေ) ကျောင်းတိုက်မှ ဆရာတော်က သီလပေးတရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်စည်ပင်သာယာနယ်နိမိတ်မှ လေဘေးသင့်စာသင်ကျောင်းများ ရေရှည်တည်တံ့ခိုင်ခံ့ရေး သံမဏိကို အသုံးပြုတည်ဆောက်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အနေအထားများကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား မြို့တော်ခန်းမရှိ မြို့တော်ဝန်ရုံးခန်းသို့ သွားရောက်တွေ့ဆုံခဲ့ပါသည်။

ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံအား တွေ့ဆုံခွင့်ရပြီး သိလိုသည်များကို မေးမြန်းခဲ့ပါသည်။

ဗဟို အလုပ်အမှုဆောင် မြို့တော်ဝန်က ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသည်များကို ရှင်းလင်းပြောပြသည်။ အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ပျက်စီးခဲ့ရသော စာသင်ကျောင်းဆောင်ပေါင်းမှာ၆၁ဆောင်ဖြစ်ကြောင်း၊ ပြိုကျပျက်စီးခဲ့သည့် ကျောင်းဆောင်များကို ပြန်လည်တည်ဆောက်ရာတွင်အလှူရှင်များက သုံးဆောင်နှင့် ဆောက်လုပ်ရေး လုပ်ငန်းရှင်များက လေးဆောင် တာဝန်ယူခဲ့ကြောင်း။

ယင်းတို့အနက်မှ ကျန်ရှိသည့် ကျောင်းဆောင် ၅၄ ဆောင်ကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လုံးဝဥဿုံအကုန်အကျခံ တည်ဆောက်လှူဒါန်းသွားမည် ဖြစ်ကြောင်း၊ ကျောင်းဆောင်များ တည်ဆောက်ရာတွင် သစ်သားထည်လုံးဝမသုံးဘဲ ရေရှည်တည်တံ့ခိုင်ခံ့စေရန် Steel Structure များကို အသုံးပြုမည်ဖြစ်ပြီး မြေညီထပ်ကို မြေပြင်မှ အမြင့် လေးပေ မြှင့်တင်ဆောက်မည့်အကြောင်း ပြောပြပါသည်။

အလျားပေ ၈၀ × အနံ ပေ ၃၀ရှိ Steel Structure နှစ်ထပ်ကျောင်းဆောင်အား တည်ဆောက်အပြီး တွေ့ရစဉ်။

ယင်းသို့ တည်ဆောက်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ဌာနမှူးနှင့် အင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုကို အကူအညီယူ၍ အလျားပေ ၁၆၀ × အနံ ပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်ကို တည်ဆောက်ချိန် သုံးလနှင့် အလျားပေ ၈၀ × အနံ ပေ ၃၀ရှိ တစ်ထပ်ကျောင်းဆောင်ကို တည်ဆောက်ချိန် ၂၁ ရက်ဖြင့်အပြီးတစ်ချိန်တည်း၊တစ်ပြိုင်တည်း တည်ဆောက်သွားမည့်အကြောင်း သိရှိခဲ့ရပါသည်။

အလျားပေ ၁၆၀ × အနံ ပေ ၃၀ ရှိ Steel Structure နှစ်ထပ် ကျောင်းဆောင်အား တည်ဆောက်နေစဉ်။

သတင်းဓာတ်ပုံ

သတင်းထောက် သန်းဆွေ (ပန်းဘဲတန်း)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေး တေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀	၆။	အမျိုးသားရေး တေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	**ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၁၃)**
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း (၈၅)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း (၁၀)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

❖ ရှေ့ဖုံးမှ

ပစ္စည်းများ ပုံပိုးဖြည့်ဆည်းပြီး စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အကုန်ကျခံ၍ တည်ဆောက်ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ် ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဒေသခံပြည်သူများ၏ အမျိုးသားအကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်းလွဲ ၁၂ နာရီခွဲတွင် အမှတ်(၁) မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ(တောင်သာ) စက်ရုံခန်းမဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဝန်ထမ်းအသီးသီးတို့သည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ခေတ်မီစက်ယန္တရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်မောင်းနှင်နိုင်ရေး အထူးကြိုးစားကြရန်၊ နိုင်ငံတော်အစိုးရအပေါ် သစ္စာစောင့်သိကြရန်၊ ဝန်ကြီးဌာနမှ ချမှတ်ထားသောမူဝါဒနှင့် ညွှန်ကြားချက်ကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကုန်ထုတ်လုပ်မှုရည်မှန်းချက် အောင်မြင်အောင် တာဝန်ရှိသူအဆင့်ဆင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် မြင်းခြံမြို့ မဏ္ဍကဥ္စနာခန်းမ၌ မြင်းခြံခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ထုတ်ပြန်ထားသောမူဝါဒနှင့် လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဓမ္မစကြာ ပါဠိတော်နှင့် အနက်"တရားတော် [အောင်စကြာဆရာတော် အရှင်စန္ဒသိရီ]
၈း၁၅ - ၂း၁၅	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	ပြည်တွင်းအနုပညာရေးရာ
၉း၀၀ - ၃း၀၀	ပဋ္ဌိပတ္တိအကျော်အမော် မိုးကုတ်ဆရာတော်
၉း၃၅ - ၃း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း
၁၀း၁၅ - ၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ - ၄း၂၀	Cartoon Show Time (Meet the Robinsons)
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး (မော်လမြိုင်တိုင်းရင်းဆေးရုံ)
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမျိုးသူနှင့် တွေ့ဆုံခြင်း)
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	ဖူးကြတူပျော် တာဝတိံ သာတက်ပွဲတော်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်သည်။

ဖွင့်လှစ်သွားမည်

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်များ လုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၉) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သူတို့ ဤသို့တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့်ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ကက်သုတ်ရောင်ခြည်မီးလုံး	၁၈၉၇	Braun	ဂျာမနီ
၂	မှန်ကြည်စက္ကူ (Cellophane)	၁၉၀၈	Brandenberger	ဆွစ်ဇာလန်
၃	ရုပ်ရှင်ဖလင်	၁၈၇၀	Hyatt	အမေရိကန်
၄	ပေါ့တ်လန်ဘိလပ်မြေ (Cement, Portland)	၁၈၂၄	Aspdin	အင်္ဂလိပ်
၅	အချိန်မှန်နာရီ (Chronometer)	၁၇၃၅	Harrison	အင်္ဂလိပ်
၆	လျှပ်စီးဖြတ်စက် (Circuit Breaker)	၁၉၂၅	Hilliard	အမေရိကန်
၇	စုပေါင်းလျှပ်စီးပတ်လမ်း	၁၉၅၉	Kilby, Noyce, Texas Instr	အမေရိကန်
၈	ချိန်သီးနာရီ	၁၆၅၇	Huygens	ဟော်လန်
၉	ကော်ဖီဖျော်စက်	၁၉၆၃	Bunn Corp	အမေရိကန်
၁၀	အီလက်ထရွန်နစ်ကွန်ပျူတာ	၁၉၄၂	Atanasoff,Berry	အမေရိကန်

"လွမ်းအောင်ကူချုပြဇာတ်"စာအုပ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၆

စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ (ပထမဆုရ)ဇင်မင်း (သမိန်ထော)၏ **"လွမ်းအောင်ကူချုပြဇာတ်"** စာအုပ် **(ဝဲပုံ)**ကို စာအုပ်အသင်း၏ (၃၇)အုပ်မြောက်စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိရာ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါကအတွင်းရေးမှူး၊စာပေဗိမာန်၊စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)(ကုန်သည်လမ်း) ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဝါတွင်းတနင်္ဂနွေနေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၅)လမ်းရှိ မာဃလုလင်ဆွမ်းလောင်းအဖွဲ့သည် ဝါတွင်းသုံးလပတ်လုံး(တနင်္ဂနွေနေ့)တိုင်း မြို့နယ်အတွင်းရှိ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့သည်မှာ နှစ်ပေါင်း ၃၀ တိုင်ခဲ့ပြီဖြစ်သည်။ ၁၃၇၀ ပြည့်နှစ် ဝါတွင်းကာလ သုံးလပတ်လုံးတွင်လည်း ပထမဆုံးဆွမ်းပတ် ဇူလိုင် ၂၀ ရက်မှစ၍ (တနင်္ဂနွေနေ့)တိုင်း မြို့နယ်အတွင်းရှိ သံဃာတော် အရှင်သူမြတ်အပါး ၁၀၀၀ ကျော်ကို အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူမည်ဟု သိရသည်။ (က-ပ)

နိုင်ငံတကာကျန်းမာရေး

ဆိုမာလီယာနိုင်ငံတွင် ဝက်သက်ရောဂါဖြစ်ပွား ငါးနှစ်အောက်ကလေးငယ် ၁ဂ ဦး အသက်ဆုံး

မိုဂါဒစ်ရှူး ဇူလိုင် ၁၆

အာဖရိက ဦးချိုဒေသရှိ စစ်တလင်းဖြစ်နေသော ဆိုမာလီယာနိုင်ငံတွင် ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် အသက်ငါးနှစ်အောက် ကလေးအနည်းဆုံး ၁၈ ဦး သေဆုံးသွားသည်။

ထို့ပြင် ယင်းရောဂါကူးစက်မှုအန္တရာယ်သည် နိုင်ငံတောင်ပိုင်းတွင် နေထိုင်သူ နောက်ထပ်ကလေးငယ် ရာပေါင်းများစွာအား ခြိမ်းခြောက်လျက်ရှိကြောင်း ဒေသခံများက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

သေဆုံးကြရသော ကလေးများမှာ မြို့တော်မိုဂါဒစ်ရှူး၏ မြောက်ပိုင်း မိုင် ၅၀ အကွာတွင် တည်ရှိသော ဂျိုဝါးကျေးရွာမှဖြစ်ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆီးကျောက်တည်ရောဂါ ပိုမိုဖြစ်ပွားလာနိုင်

ဝါရှင်တန် ဇူလိုင် ၁၆

ကမ္ဘာကြီးပူနွေးလာမှုကြောင့် လူများတွင်ဖြစ်ပွားသော ရောဂါအချို့ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း သုတေသီများက ခန့်မှန်းထားသည်။ အဖြစ်များလာနိုင်သောရောဂါများတွင် ဆီးကျောက်တည်သော ရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း အမေရိကန်သုတေသီများက ခန့်မှန်းသည်။

ကမ္ဘာကြီးပူနွေးလာသောအခါ ခန္ဓာကိုယ်၏ အရည်ဓာတ်ဆုံးရှုံးမှုလည်း ပိုမိုများပြားလာသည်။ ထိုအခါ ဆီးသွားမှုနည်းပါးလာပြီး ကျောက်ကပ်တွင် ဆီးကျောက်တည်မှုအခြေအနေကို ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။

ထို့ပြင် ယင်းသို့ ဆီးကျောက်တည်မှုပိုမိုဖြစ်ပွားလာသဖြင့် အမေရိကန်တွင် ကျောက်ကပ်ရောဂါကုသစရိတ်လည်း အနာဂတ်တွင် အမေရိကန် ဒေါ်လာဘီလီယံနှင့်ချီ၍ ကုန်ကျမှုတိုးပွားလာနိုင်ကြောင်း ခန့်မှန်းချက်တွင် ဖော်ပြထားသည်။

သက်ကြီးပိုင်းအရွယ်များ လေ့ကျင့်ခန်း မှန်မှန်လုပ်ပါက ဦးနှောက်ကျဉ်းကျုံ့သွားမည့် အန္တရာယ်ကို ကာကွယ်နိုင်ဖွယ်ရှိ

ဝါရှင်တန် ဇူလိုင် ၁၆

အယ်လ်ဇိုင်းမားသတိမေ့ရောဂါ အတန်အသင့်ရှိနေသော သက်ကြီးပိုင်းအရွယ်များတွင် လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်သူများ၏ ဦးနှောက်အရွယ်အစားသည် အလားတူရောဂါရှိနေပြီး လေ့ကျင့်ခန်းမလုပ်သူများ၏ ဦးနှောက်နှင့်နှိုင်းယှဉ်လျှင် ကျဉ်းကျုံ့ဝင်မှု နည်းပါးသည်ကို တွေ့ရကြောင်း ဇူလိုင် ၁၅ ရက်တွင် ထုတ်ဝေသည့် အာရုံကြောရောဂါဆိုင်ရာဂျာနယ်၌ ဖော်ပြထားသည်။

ယင်းအချက်ကို အသက်(၆၀) နှင့်အထက် အသက်အရွယ်ရှိသူ လူကြီးပိုင်း ၁၂၁ ဦးတို့ကို လေ့လာရာမှ သိရှိလာခြင်းဖြစ်သည်။ ၎င်းတို့၏ ဦးနှောက် အရွယ်အစားကိုသိရှိနိုင်ရန် တိုင်းတာရာ၌ ဘရိန်းစကင်ခေါ် ဦးနှောက်တိုင်းတာနည်းကို အသုံးပြုလေ့လာသည်။ ထိုသို့ တိုင်းတာလေ့လာရာ၌ လှုပ်ရှားမှုပြုလုပ်သူ သက်ကြီးပိုင်းများတွင် ဦးနှောက်အရွယ်အစား ကျဉ်းကျုံ့မှုနည်းပါးသည်ကို တွေ့ရသည်ဟု ကင်ဆပ်တက္ကသိုလ်မှ သုတေသီ ဂျက်ဖရီဘန်းစ်က ပြောကြားသည်။

(ဘာသာပြန်စာတည်းအဖွဲ့ဝင်များစုစည်းဖော်ပြသည်။)

ပြည်နယ်နှင့် တိုင်း အသက်(၁၈)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ သုံးနှစ်ဆက်တိုက်ပထမရသည့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၈ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၈) နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော ဧရာဝတီတိုင်း အမျိုးသမီး ဘော်လီဘော အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂နာရီတွင်ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ဧရာဝတီတိုင်း အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားသမားများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြု သင်တန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်ပွဲရ ဧရာဝတီတိုင်း အမျိုးသမီး ဘော်လီဘော အသင်းနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး အသင်းအုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယတိုင်းမှူးက ဂုဏ်ပြု အမှာစကား ပြောကြားပြီး အောင်ပွဲရ ဧရာဝတီတိုင်း အမျိုးသမီး ဘော်လီဘောအသင်းဆွတ်ခူးရရှိသည့် တံခွန်စိုက်ဒိုင်းဆုကို ဒုတိယတိုင်းမှူးသို့ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ပေးအပ်

ဆက်လက်၍ ဒုတိယတိုင်းမှူးက ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်း နှစ်သောင်းအားလည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်စန်းက ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုကို ရရှိခဲ့သော မချူးဝါငြိမ်းအား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀ ကို ပေးအပ်သည်။ (ကြေးမုံ)

ပြည် G.T.I ကျောင်းဆင်း အင်ဂျင်နီယာများ ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၆

ပြည်G.T.I ကျောင်းဆင်းအင်ဂျင်နီယာများ၏ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး (ရွှေကျင်ဓမ္မာရုံ) ကိုယ့်မင်းကိုယ့်ချင်းလမ်း၌ကျင်းပမည်ဖြစ်သဖြင့် လှူဒါန်းလိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း-၀၉၅၀၀၄၅၂၅၊ ဦးဝေလွင် ဖုန်း-၀၉၅၁၃၂၇၇၄၊ ကာတွန်း ကိုရွှေထွန်း (ပြည်) ဖုန်း-၀၉၅၀၁၆၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ ပို့ဆောင်ရေးနှင့် စွမ်းအင်အသင်းတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၁၆

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်းတွင် (ဈ) အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက အနိုင်ရရှိပြီး နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်းတွင် (ဈ) အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းက အနိုင်ရရှိသွားသည်။

နေပြည်တော်ကွင်း

ပို့ဆောင်ရေးဝန်ကြီးဌာန ၁၇ဂိုး
(အောင်မြင့်ထွန်း-ခြောက်ဂိုး၊ စောဇင်ဦး-သုံးဂိုး၊မြတ်မင်းသူ-နှစ်ဂိုး အေးမင်းသော်နှစ်ဂိုး၊ အောင်သူစိုး၊ ကောင်းမြတ်ဦး၊ တိုးမြင့်ထူး၊ ကျော်စွာလင်းတို့-တစ်ဂိုးစီ)

အမှတ်(၂)စက်မှုဝန်ကြီးဌာန တစ်ဂိုး
(အေမင်းထိုက်)
ဒိုင်လူကြီး
ဦးခင်မောင်ထွေး(အဖွဲ့ချုပ်)

ပေါင်းလောင်းကွင်း

စွမ်းအင်ဝန်ကြီးဌာန တစ်ဂိုး
ညီဇော်အောင်
သစ်တောရေးရာဝန်ကြီးဌာန ဂိုးမရှိ
ဒိုင်လူကြီး
ဦးဝင်းကျော်ဦး (အဖွဲ့ချုပ်)

ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိဌာနဆိုင်ရာများမှဝန်ထမ်းများနှင့်မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် အားပေးကြသည်။

ဇူလိုင် ၁၇ရက်တွင် ပြိုင်ပွဲမရှိဘဲ ဇူလိုင် ၁၈ရက်တွင် နေပြည်တော်ကွင်း၌ (က)အုပ်စုမှ မွေး/ရေနှင့်ပညာရေး၊ ပေါင်းလောင်းအားကစားကွင်းတွင် (က)အုပ်စုမှ အမှတ် (၂) လျှပ်စစ်နှင့်အမှတ်(၁)စက်မှုတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်

ရန်ကုန် ဇူလိုင် ၁၆

ယနေ့ နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၂ဒသမ၄၀လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ၈၉လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၃၈လက်မ၊ မော်လမြိုင်မြို့တွင် ၁ဒသမ၁၄လက်မ၊ မောင်တောမြို့နှင့် ဂွမြို့တို့တွင် ၁ဒသမ၀၆လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၀ဒသမ ၉၈လက်မ၊ မန္တလေးမြို့တွင် ၀ဒသမ၇၉လက်မ နှင့် စစ်ကိုင်းမြို့တွင် ၀ဒသမ၃၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁၇ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၁၅-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၃ဒသမ၅ ဒီဂရီစင်တီဂရိတ် (၇၄ ဒီဂရီဖာရင်ဟိုက်) ၁၆-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၉ ရာခိုင်နှုန်း ၁၆-၇-၂၀၀၈

နေပူသည့်နာရီပေါင်း(၂ ဒသမ ၉)နာရီခန့် ၁၅-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၆-၇-၂၀၀၈	မရှိပါ	မရှိပါ	၃မမ(၀. ၁၁လက်မ)
၁-၁-၂၀၀၈ မှ	၁၃၀၇ မမ	၁၅၄၄မမ	၁၈၈၂မမ
ယနေ့အထိ	(၅၁. ၄၆လက်မ)	(၆၀. ၇၉လက်မ)	(၇၄. ၀၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၇-၂၀၀၈ ရက် ၀၉း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

မုန်တိုင်းသင့်ဒေသပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

မုန်တိုင်းသင့်ဒေသပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ဦးနေလင်းအောင် (ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ်)က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် သာယာကုန်းကျေးရွာကို စံပြကျေးရွာအဖြစ် ပြန်လည်တည်ဆောက်ထူထောင်ရန် နေအိမ်အလုံး ၆၀အတွက် ငွေကျပ်သိန်း ၃၆၀၊ သမီး ဒေါ်စန္ဒာမောင်၏ (၃၄)နှစ်မြောက် မွေးနေ့အလှူအတွက် ဦးမောင်မောင်ခင်နှင့် ဒေါ်သန်းနွယ်၊ သမီး ဒေါ်စန္ဒာမောင်၊ သား ရန်လင်းမောင် မိသားစု [(၄)ရပ်ကွက်၊ အရှေ့ရန်ကင်းမြို့နယ်]က ငွေကျပ် ငါးသောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကျောက်တံတားမြို့နယ်) က ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်ဝိန်နှင့် ဒေါ်မိမိခင်မိသားစု (၂၆ × ၈၃)လမ်းထောင့် မန္တလေးမြို့က ငွေကျပ်သိန်း ၁၀၀၊ ဦးစိုးမြင့် (ငွေဆင်ကုမ္ပဏီလီမိတက်)က ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ နေအိမ် ၁၀၈ လုံး တည်ဆောက်ရန် ငွေကျပ် ၆၄၈သိန်း အပါအဝင် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၁၁၀၅၀၀၀၀ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေကျဆင်း

ရန်ကုန် ဇူလိုင် ၁၆

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ယနေ့နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ် အောက်သို့ ကျဆင်းသွားပြီး မော်လိုက်မြို့၌ နောက် ၃၆နာရီအတွင်း၊ ကလေးဝမြို့၌ နောက် ၁၂ နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များ အောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ယနေ့နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီး ဟင်္သာတမြို့၌ တစ်နာရီလျှင် ၀ ဒသမ ၅ စင်တီမီတာနှုန်းဖြင့် မြင့်တက်နေသော်လည်း ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစ၍ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)

၁၃၇၀ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ် တရားတော်
၇း၁၅ ၂။ ယောဆရာတော်၏ ဥပ္ပါတ သန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်၊ ကိုကိုက်ပိကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂုဏေသန (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဟောကြားတော်မူအပ်သော "ဓမ္မစကြာ အခါတော်နေ့ တရားတော်"
၈း၃၀ ၅။ International News.
၈း၄၅ ၆။ Islands of Dhamma.
၈း၅၀ ၇။ ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာဝိသုတာရာမတိုက်သစ်၊ မကွေးမြို့၊ မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၄၀ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက-၁၊သန်လျင်) (အမျိုးသား ဝတ်ရွတ်အဖွဲ့)
၅း၀၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၆။ ဝါဆိုလဘွဲ့တေးများ
၅း၄၀ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလဝသအခြေအနေ
၆း၃၅ ၁၀။ အဆိုပြိုင်ပွဲ
၆း၅၀ ၁၁။ ရှုဖွယ်စုံညီ မြန်မာပြည်
၇း၀၀ ၁၂။ စစ်တောင်းတံတား (မုပ္ပလင်)
၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ"(အပိုင်း - ၁၃)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၁)**
၁၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဓမ္မစကြာတရားတော်
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ အစီအစဉ်ပြီး၏။

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေသို့ အပူပိုင်းမုန်တိုင်းဝင်ရောက်နိုင်

မက္ကဆီကိုစီးတီး ဇူလိုင် ၁၅

မက္ကဆီကိုနိုင်ငံပစိဖိတ် သမုဒ္ဒရာကမ်းလွန်တွင် ဇူလိုင်၁၂ရက်ကစတင်ဖြစ်ပွားလာသော အလီဒါအပူပိုင်းမုန်တိုင်းသည် အားကောင်းလာကာ နောက်နှစ်ရက်အကြာတွင် ဟာရီကိန်းမုန်တိုင်း အဆင့်သို့ရောက်ရှိလာနိုင်ကြောင်းမုန်တိုင်းစောင့်ကြည့်လေ့လာရေးဗဟိုဌာနက ခန့်မှန်းသည်။

တိုင်းတာရရှိသော အချိန်တွင် ထိုမုန်တိုင်းသည်မက္ကဆီကိုနိုင်ငံအကာပါလ်ကိုအပန်းဖြေမြို့၏ တောင်ဘက် ၂၃၅ မိုင်အကွာတွင် ဗဟိုပြုလျက်ရှိသည်။ အမေရိကတိုက် ပစိဖိတ်သမုဒ္ဒရာဒေသတွင်ပဉ္စမမြောက်မုန်တိုင်းဖြစ်သော အလီဒါသည် အမြင့်ဆုံး တစ်နာရီလျှင်လေတိုက်နှုန်း၄၅မိုင်နှုန်း (၇၅ ကီလိုမီတာနှုန်း)ဖြင့် တိုက်ခတ်နေပြီး မုန်တိုင်း၏ ဗဟိုသည် တစ်နာရီလျှင် ၁၇ မိုင်နှုန်းဖြင့် အနောက် - အနောက်မြောက်အရပ်သို့ ရွေ့လျားလျက် ရှိသည်။

မက္ကဆီကိုနိုင်ငံပစိဖိတ်ကမ်းခြေဒေသရှိအကာပါလ်ကို၊ ဇီဟွာတန်ဂျို၊ ပွာတိုဗီလာတာစသည့် ကမ်းခြေမြို့ သုံးမြို့သည်လူစည်ကားသော အပန်းဖြေမြို့များဖြစ်သည်။ မုန်တိုင်းအရှိန်ကြောင့် ထိုမြို့သုံးမြို့တွင် မိုးတိမ်များအုံ့ဆိုင်းလျက်ရှိသည်။***အမ်အင်အေ၊ရိုက်တာ။***



အီရန်နိုင်ငံ၏ ဘာရှားနျူကလီးယားစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇူလိုင် ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နယ်မြေကိုသုံး၍ အီရန်နိုင်ငံအား တိုက်ခိုက်ခြင်းကို အာဖဂန်သမ္မတကာဇိုင်း ဆန့်ကျင်

ကဘူး ဇူလိုင် ၁၅

အိမ်နီးချင်း အီရန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက တိုက်ခိုက်ဖွယ်ရှိရာ၌ဎင်း၏ပိုင်နက်နယ်မြေကိုအသုံးပြုမည်ဆိုပါလျှင် အာဖဂန်နစ္စတန်နိုင်ငံက ဆန့်ကျင်ကြောင်း သမ္မတဟာမစ်ကာဇိုင်းက ဇူလိုင်၁၄ရက်တွင် ထုတ်လွှင့်သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားသွားသည်။

အာဖဂန်နစ္စတန် အစိုးရသည် အင်အားကြီး နိုင်ငံများအကြား အင်အား ချိန်ခွင်လျှာညီမျှနေစေရန် အမြဲကြိုးပမ်းလျက်ရှိကြောင်း ကာဇိုင်းက ပြောကြားသည်။

အီရန်နှင့်အမေရိကန်နိုင်ငံတို့အကြား ပြဿနာမှ ဖြစ်ပေါ်လာဖွယ်ရှိသော ဂယက်ရိုက်မှုနှင့် စပ်လျဉ်း၍ ရေဒီယိုလီဘာတီမှ မေးမြန်းရာ ကာဇိုင်းက အာဖဂန်တို့သည် အန္တရာယ်ကိုသတိထားနေပါသည်ဟု ဖြေကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် မည်သည့်နိုင်ငံများ၏ စစ်မြေပြင်မှုအဖြစ် ခံမည်မဟုတ်ကြောင်း၊ မည်သည့်နိုင်ငံကမျှအာဖဂန်နယ်မြေကို အသုံးပြုခြင်းအား အလိုမရှိကြောင်း၊ကိုးကွယ်သောဘာသာ၊ ပြောဆိုသောစကားတူညီသော အီရန်နိုင်ငံအား အိမ်နီးချင်းနိုင်ငံဖြစ်သည့် အားလျော်စွာ မိတ်ဆွေအဖြစ် အလိုရှိကြောင်း ကာဇိုင်းက တွေ့ဆုံမေးမြန်းခန်းတွင် ရှင်းလင်းစွာ ပြောကြားသည်။

အာဖဂန်အစိုးရသည် တီဟီရန်နှင့် ဝါရှင်တန်အကြား ဆွေးနွေးပွဲများကို အဆင်ပြေရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊အဆိုပါ နှစ်နိုင်ငံအကြား စာများလည်း ပေးပို့ခဲ့ပြီးပြီဖြစ်ကြောင်း ကာဇိုင်းကပြောကြားသည်။

အာဖဂန်နစ္စတန်တွင်တပ်အင်အား ၃၂၀၀၀ ရှိပြီး ကဘူးအစိုးရကို အများဆုံး အထောက်အကူ ပေးနေသော အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံအပေါ် အင်အားသုံးဖွယ်ရှိသည်ဆိုသောအချက်ကို ဎင်းက ငြင်းဆိုခြင်းမပြုဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဆီးရီးယားနှင့် လက်ဘနွန် သံတမန်ဆက်ဆံရေး တည်ဆောက်ရန် သဘောတူဟု ပြင်သစ်သမ္မတပြောကြား

ပါရီ ဇူလိုင် ၁၅

ဆီးရီးယားနိုင်ငံနှင့်လက်ဘနွန်နိုင်ငံတို့သည် ကိုလိုနီ လက်အောက်ခံအဖြစ်မှ ပထမဆုံး လွတ်လပ်ရေးရရှိခဲ့သည့် ဎင်းတို့ပိုင် နယ်မြေအသီးသီးတွင် သံရုံးများဖွင့်လှစ်ပြီး သံတမန်ဆက်ဆံရေး တည်ဆောက်ရန် သဘောတူညီခဲ့ကြကြောင်း ပြင်သစ်သမ္မတနီကိုလက်စ်ဆာကိုဇီက စနေနေ့တွင်ပြောကြားသည်။

မြေထဲပင်လယ်ဒေသရှိ နိုင်ငံများထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့်ဆီးရီးယားသမ္မတဘက်ရ်ှဟာအယ်အာဆတ်နှင့် လက်ဘနွန်တော်လှန်ရေးခေါင်းဆောင် မိုက်ကယ်ဆူလေမန်တို့တွေ့ဆုံ ဆွေးနွေးကြပြီးနောက် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပြင်သစ်၏ ဦးဆောင်မှုဖြင့် တနင်္ဂနွေနေ့မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူခဲ့ကြသည်ဟု သမိုင်းတွင်စေမည့် သဘောတူညီချက်အတွက်တိုက်တွန်းဆောင်ရွက်ခဲ့သူ ပြင်သစ်သမ္မတ ဆာကိုဇီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့တွင် သံရုံးများ ဖွင့်လှစ်ရေးအတွက် မိမိတို့ဘက်မှ သဘောတူကြောင်း အာဆတ်ကပြောကြားသည်။အကယ်၍ လက်နွန်နိုင်ငံအနေဖြင့် သံရုံးတည်ဆောက်မှုတွင် အပြောင်းအလဲပြုလုပ်ရန် ဆန္ဒရှိလာပါက မိမိတို့က ကန့်ကွက်မည်မဟုတ်ကြောင်း ဆာကိုဇီက ဆွေးနွေးပွဲပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

မကြာခင် ကာလအတွင်းမှာပင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးကိုလုပ်ဆောင်မည်ဟု ပြင်သစ်သမ္မတကပြောကြားသည်။

ဆီးရီးယားနှင့် လက်ဘနွန်တို့သည် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်က လက်ဘနွန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ရာဖစ်ခ်ဟာရီရီလုပ်ကြံသတ်ဖြတ်ခံရမှုတွင် ဆီးရီးယား၌ တာဝန်ရှိကြောင်း နှစ်ဦးနှစ်ဖက် အငြင်းပွားခဲ့ကြပြီး ဆယ်စုနှစ်တစ်ခုကြာမျှ သဘောထားကွဲလွဲခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှန်ဟိုင်းမြို့တွင် လူဦးရေ ၁၉ သန်း နီးပါးထိ တိုးလာ

ရှန်ဟိုင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် လူဦးရေ ၁၉ သန်းနီးပါး နေထိုင်လျက်ရှိသည်ဟု မြို့ပြလူဦးရေနှင့် မိသားစု စီမံကိန်းရေးဆွဲရေးကော်မရှင်၏ စစ်တမ်းတစ်ခုတွင် ဖော်ပြသည်။ ပြီးခဲ့သည့်နှစ်က ခြောက်လအတွင်း မြို့တွင်းသို့ ရွှေ့ပြောင်းနေထိုင်လာကြသူများအပါအဝင် တရားဝင်နေထိုင်သူ လူဦးရေမှာ ၁၈ ဒသမ ၅၈ သန်းရှိကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

မြို့တော်၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုသည် ရွှေ့ပြောင်းနေထိုင်ကြသူများ စုပြုံရောက်ရှိလာခြင်းတွင် အဓိကအချက်တစ်ခုဖြစ်သည်။ပြီးခဲ့သည့်နှစ်ကရွှေ့ပြောင်းရောက်ရှိလာသူဦးရေမှာစုစုပေါင်း ၆ဒသမ၉၉သန်းရှိသည်။

နေထိုင်မှုပုံစံများနှင့် စပ်လျဉ်း၍ တင်းကျပ်သော စည်းမျဉ်းများနှင့် အုပ်ချုပ်သည့် နယ်မြေဖြစ်သော်လည်း အဘက်ဘက်မှ ရှုမြင်သုံးသပ်ပါက ပတ်ဝန်းကျင်အနေအထား၊ လူမှုရေးဝန်ဆောင်မှု စီမံချက်များနှင့် အဆင့်မြင့်တိုးတက်ပြောင်းလဲမှုများသည် နေထိုင်သူ ဦးရေကို တိုးတက်လာစေခဲ့ကြောင်း မြို့ကြီးပြကြီးအဆင့်မြင့် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အုပ်ချုပ်ရေးဌာနက ကြာသပတေးနေ့တွင်ကျင်းပသော မျက်နှာစုံညီအစည်းအဝေးတွင် စာတမ်းဖတ်ကြားတင်သွင်းသည်။ ၂၀၀၇ ခုနှစ်က အသက် ၆၀အရွယ်ရှိ သက်ကြီးပိုင်းဦးရေသည် မြို့တော်လူဦးရေ မှတ်တမ်းများအရ ၂၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် အထက် နေထိုင်ခဲ့ကြကြောင်း နောက်ဆုံးစာရင်း အချက်အလက်များတွင် ဖော်ပြထားသည်။ ယခုအခါတွင် နိုင်ငံတိုးတက်လာသည်နှင့်အတူ နေထိုင်သည့် လူဦးရေမှာလည်း နှစ်ဆတိုးတက်လာနေကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်နိုင်ငံပါရီမြို့ဘာစတီးအခမ်းအနားတွင်ပါဝင်ချီတက်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ စန်တီယာဂိုမြို့ တိရစ္ဆာန်ရုံအတွင်း ပေါက်ဖွားလာသော အာဖရိကဖြူကောင်ငယ်ကလေး ငါးကောင်ကို ဇူလိုင် ၁၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အလုပ်အကိုင်ရှာဖွေသူများ တိုးဝှေ့ဝင်ရောက်မှုကြောင့် နိုင်ဂျီးရီးယားတွင် အနည်းဆုံး ၃၀ သေဆုံးရ

အီနူဂူ (နိုင်ဂျီးရီးယား) ဇူလိုင် ၁၅

နိုင်ဂျီးရီးယားနိုင်ငံအစိုးရဌာနမှအလုပ်သမားအသစ်များ ခေါ်ယူရာတွင် အလုအယက် ဝင်ရောက်ကြရာမှ လူနင်းမိ၍ အနည်းဆုံး၃၀ခန့် သေဆုံးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသည်ဟု မျက်မြင်တွေ့ရှိသူများက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါအဖြစ်မျိုးမှာ မြို့တော် တစ်နေရာတည်း၌ မဟုတ်ဘဲ အခြားသော ပြည်နယ်မြို့ကြီးများ၌လည်း ဖြစ်ပွားကြသည်ဟု မျက်မြင်တွေ့ရှိသူများက ဆိုသည်။ ဎင်းတို့သည် အလုပ်အကိုင်ရရှိရန် ကျန်းမာကြံ့ခိုင်ရေး အတွက် စစ်ဆေးစမ်းသပ်မှုများ ခံကြရသည်။ ထိုကြံ့ခိုင်ရေး စမ်းသပ်မှုများကို အလွန်ရာသီဥတု ပူပြင်းသော အချိန်၌ ပြုလုပ်ပြီး နှစ်ကီလိုမီတာမှ သုံးကီလိုမီတာအထိ ပြေးခိုင်းသည်။ ထိုသို့ ပြေးခိုင်းစဉ်တွင် အချို့မှာ လမ်း၌ သေဆုံးမှုများဖြစ်ကြရသည်ဟု ဖော်ပြသည်။ ဎင်းတို့သည် ထိုသို့ စစ်ဆေးစမ်းသပ်မှုပြီး၍ ဂိတ်ပေါက်သို့ရောက်သောအခါ၌ တံခါးပိတ်ထားရာ ဂိတ်တံခါးဖွင့်ရန် အားနှင့်အင်နှင့်ကြိုးစားရာမှ ဝရုန်းသုန်းကားဖြစ်လာပြီး လူနင်းမိ၍ ကိုးဦး သေဆုံးခဲ့သည်ဟု နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက် အီနူဂူပြည်နယ်မှ အလုပ်လျှောက်ထားသူ ဟိုဘင်နာအာဂူက ပြောကြားသည်။

ဖော်ပြ

ထို့ပြင် အနမ်ဘရာပြည်နယ်မှ အလုပ်အကိုင်လာလျှောက်သူငါးဦး၊ အဘီရာပြည်နယ်မှ ခုနစ်ဦးနှင့် အနောက်မြောက်ပိုင်း ကာဒူနာ ပြည်နယ်မှ ကိုးဦးသေဆုံးခဲ့သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်းရှိ ရေနံထုတ်လုပ်သည့် မြစ်ဝကျွန်းပေါ် ဒေသအဆာဘာမှလည်း လေးဦးသေဆုံးခဲ့သည်ဟု ဒေသတွင်းသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနှင့် ဘရာဇီး ဇီဝလောင်စာ ပူးတွဲထုတ်မည်

ဂျကာတာ ဇူလိုင် ၁၄

အင်ဒိုနီးရှားနှင့် ဘရာဇီးနိုင်ငံ ခေါင်းဆောင်များသည် ဇီဝလောင်စာကို ပူးတွဲထုတ်လုပ်ကြရန် စနေနေ့က သဘောတူညီလိုက်ကြသည်။

ဘရာဇီးနိုင်ငံ၏ ဇီဝလောင်စာနည်းပညာတိုးတက်နေမှုတို့ကို လေ့လာရန်အတွက် အင်ဒိုနီးရှားနိုင်ငံမှ ကျွမ်းကျင်သူများ ဘရာဇီးနိုင်ငံသို့ စေလွှတ်ရေးအား နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ကြကြောင်း အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ဘိုင်အိုအီသနောထုတ်လုပ်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံက ၎င်းထံမှသုတေသနနှင့် ဖွံ့ဖြိုးမှုကိုလေ့လာသင်ယူနိုင်သည်ဟု ဘရာဇီးသမ္မတ လူးဝစ်အင်နာ စီအိုလူလာဒါဆီးဗားနှင့် တွေ့ဆုံဆွေးနွေးပွဲအပြီး အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုနှင့် အလည်အပတ် ရောက်ရှိနေသော ဘရာဇီးနိုင်ငံ သမ္မတ လူးဝစ်အင်နာစီအိုလူလာ ဒါဆီးဗားတို့အား ဂျကာတာမြို့၌ ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်နိုင်ငံအတိုက်ခံရပါက အစ္စရေးအချက်အချာနေရာနှင့် အမေရိကန်စခန်း ၃၂ ခုတို့ကို တိုက်ခိုက်မည်

တီဟီရန် ဇူလိုင် ၁၄

အီရန်နိုင်ငံ အတိုက်ခံခဲ့ရလျှင် အစ္စရေးနိုင်ငံ၏ အချက်အချာနေရာဒေသနှင့် အရှေ့အလယ်ပိုင်းရှိ အမေရိကန်စခန်း ၃၂ ခုတို့ကို ပစ်မှတ်ထား တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ ထိပ်တန်းအကြီးအကဲ အယာတိုလာအလီခါမေနီက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့သည် ကျည်ဆန်တစ်တောင့် မျှပစ်ရဲခဲ့မည်ဆိုလျှင် အီရန်နိုင်ငံက အစ္စရေးနိုင်ငံ အချက်အချာဒေသနှင့် ဒေသအတွင်းမှာရှိသော အမေရိကန်စခန်း ၃၂ ခုကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်အစ္စလမ္မာစ်အစောင့်တပ်မ (အိုင်အာဂျီစီ)ဆိုင်ရာ ခါမေနီ၏ ဒုတိယကိုယ်စားလှယ် မော့ဂျ်တာဘာဇိုနော၏ ပြောကြားချက်ကို ကိုးကား၍ “ဖားစ်” သတင်းဌာနက ဖော်ပြသည်။

ယခုအချိန်တွင် ရန်သူ့ထံမှ မည်သည့်ခြိမ်းခြောက်မှုကိုမဆို ရင်ဆိုင်ရန်အတွက် တော်လှန်ရေးအစောင့်တပ်အပါအဝင် အီရန်လက်နက်ကိုင်တပ်ဖွဲ့သည် အပြည့်အဝ ပြင်ဆင်ပြီးဖြစ်သည်ဟု မြောက်ပိုင်းမြို့တော် မတ်ရှ်ဟတ်ရှိ အိုင်အာဂျီစီတပ်ဖွဲ့တစ်ဖွဲ့ကိုဖိုနောက ပြောကြားခဲ့သည်။

ရန်သူတပ်များသည် အီရန်နိုင်ငံအား တိုက်ခိုက်ခဲ့လျှင် ပြင်းထန်သောတုံ့ပြန်မှုကို ခံစားသွားရမည် ဖြစ်ကြောင်း၊ အိုင်အာဂျီစီသည်အစ္စလမ္မာစ်တော်လှန်ရေးကာလက ရှိနေသည်ထက် ပိုမိုအင်အားကြီးမားလာပြီဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်နိုင်ငံကို ဝင်တိုက်သော် ၎င်းတို့အနိုင်ရရှိရေးအပေါ် သံသယရှိနေကြောင်း၊ အနိုင်ရမှာ သေချာသည်ဟု ယူဆခဲ့လျှင် ယခင်ကတည်းက ကျူးကျော်ပြီးသည်မှာ သေချာကြောင်း ထပ်မံပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်တွင် လက်နက်မှောင်ခိုဖြိုခွင်း အမြောက်အမြားဖမ်းမိ

အစ္စလမ္မာဘတ် ဇူလိုင် ၁၄

ပါကစ္စတန်တပ်ဖွဲ့များသည် နိုင်ငံ၏အနောက်တောင်ပိုင်းတွင် လက်နက်မှောင်ခိုရောင်းဝယ်ရန် ကြိုးပမ်းမှုတစ်ခုကို စနေနေ့က ဖြိုခွင်းပြီး လက်နက်အမြောက်အမြားကို ဖမ်းဆီးရမိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစိုးရတပ်ဖွဲ့များသည် သတင်းပေးချက်အရ ဘလူချစ္စတန်ပြည်နယ် ကွီလာအဒူလပ်ချ်ရှိ လူမနေသော အိမ်တစ်လုံးအတွင်းမှ ဖောက်ခွဲရေးယမ်းမှုန့် လေးကီလို၊ လေယာဉ်ပစ်ကျည် ၅၂ တောင့်၊ လက်ပစ်ဗုံးရှစ်လုံး၊ တင့်ကားပစ် ကျည်လေးတောင့်၊ အာပီဂျီ-၇ ရော့ကတ်ခုနှစ်ခု၊ ၈၂ မမစိန်ပြောင်းကျည် ၁၅ တောင့်၊ ၂၀ မမ သေနတ်ကျည်ရှစ်တောင့်နှင့် မိုင်းငါးခုတို့ကို သိမ်းဆည်းနိုင်ခဲ့သည်။

တပ်ဖွဲ့များက ဘလူချစ္စတန်ပြည်နယ် မြို့တော်ကွက်တာ၏ဝင်ပေါက်၊ ထွက်ပေါက်များကို စစ်ဆေးမှု တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၀၈ခုနှစ် အိုလံပစ်ပြိုင်ပွဲများ ကျင်းပရာတွင် ရေကူး၊ဒိုင်ဗင်၊ဝါတာပိုလိုစသည့် အားကစားပြိုင်ပွဲများ ပြုလုပ်မည့် မိုးလုံလေလုံ ရေကူးအားကစားရုံကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူး ဇူလိုင် ၁၅

နေတိုးဦးဆောင်သော အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦးသည် အာဖဂန်နစ္စတန်မြောက်ပိုင်း၌ ဖြစ်ပွားသောပေါက်ကွဲမှုအတွင်း ရရှိခဲ့သောဒဏ်ရာဖြင့် ဇူလိုင် ၁၂ရက်က သေဆုံးသွားကြောင်းကို ထိုတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည်။

အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့၏ မူအရ သေဆုံးသွားသောတပ်ဖွဲ့ဝင်သည် မည်သည့် နိုင်ငံသားဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်းမပြုပေ။ သို့ရာတွင် အာဖဂန်နိုင်ငံမြောက်ပိုင်း ဘန်ဂါလန်အရပ်တွင် ပေါက်ကွဲသော လမ်းဘေးဗုံးကြောင့် ဟန်ဂေရီတပ်ဖွဲ့ဝင်တစ်ဦး စနေနေ့က သေဆုံးသွားရသည်ဟု ဟန်ဂေရီ ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၃ရက်တွင် အတည်ပြုချက်ထုတ်ပြန်သည်။

လောလောဆယ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ လုံခြုံရေးဆောင်ရွက်ရန် အိုင်အက်စ်အေအက်ဖ်မှ နိုင်ငံစုံတပ်ဖွဲ့ဝင်အင်အား ၇၀၀၀၀ ကို တပ်ဖြန့်ချထားသည်။

ထိုနိုင်ငံတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၀၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်။ယင်းအနက် ထိခိုက်သေဆုံးသူ ၇၁၂ ဦးမှာ အရပ်သူ၊ အရပ်သားများဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗင်နီဇွဲလားနိုင်ငံ၌ ကိုကင်း ကီလို ၆၀၀ ဖမ်းဆီးရမိ

ကာရာကက်စ် ဇူလိုင် ၁၄

ဗင်နီဇွဲလား ရဲတပ်ဖွဲ့ဝင်များသည် အင်န်ဇိုအိတ်ဂျီဒေသ အရှေ့မြောက်ပိုင်းတွင် ကြာသပတေးနေ့က ကိုကင်းကီလို ၆၀၀ခန့်ကို ဖမ်းဆီးရမိခဲ့သည်ဟု တာဝန်ရှိသူများက ဆင်ဟွာသို့ ပြောကြားသည်။

အဆိုပါမူးယစ်ဆေးဝါးများကို ပါရီအက်ဂူရန်မြို့၏လမ်းမပေါ်တွင်ဒေသစံတော်ချိန် နံနက် ၄ နာရီက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ထရက်ဝီလီယံဆာ အက်ဘ်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အင်န်ဇိုအိတ်ဂျီဒေသ၏ အဝေးပြေးလမ်းမပေါ်တွင် ထရပ်ကားတစ်စီးအား ရပ်တန့်ရှာဖွေရာတွင် ပြစ်မှုကျူးလွန်သူများမှာ ထွက်ပြေးတိမ်းရှောင်သွားကြကြောင်း ၎င်းက ပြောကြားသည်။

ယခုဖမ်းဆီးရမိမှုသည် အဆိုပါဒေသတွင် အကြီးမားဆုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ထွက်ပြေးသွားသူများနောက်သို့ ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးလျက်ရှိကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနသို့ ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေမှတစ်ဆင့်ကူးစက်သည့် ရောဂါကြောင့် ဖိလစ်ပိုင်တွင် အနည်းဆုံး ၁၅ ဦးသေဆုံး

မနီလာ ဇူလိုင် ၁၄

ဇွန်လအတွင်းက ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းကျရောက်သွားပြီးနောက် ထိုမုန်တိုင်းသင့်ရာဒေသများ၌ ရေမှတစ်ဆင့် ကူးစက်သည့်ရောဂါ ဖြစ်ပေါ်သောကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးရကြောင်း ဒေသခံမီဒီယာက ဇူလိုင် ၁၂ ရက် သတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်အလယ်ပိုင်း မုန်တိုင်းသင့်ရာ အရပ်များ၌ သောက်သုံးရသော သောက်ရေတွင် ပါရှိသော ရောဂါပိုးကြောင့် ဝမ်းရောဂါဖြစ်ပွားရာ ခုနစ်ဦး အသက်ဆုံးရှုံးရကြောင်း ဖိလစ်ပိုင်ဒေးလီအင်ကွာရာ သတင်းစာက ရေးသားသည်။

ဖန်ရှန်အပူပိုင်းဒေသ မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း တစ်ခွင်တစ်ပြင်တွင် ရေကြီးမှုများဖြစ်ပေါ်ပြီးနောက် ယခုကဲ့သို့ ရောဂါကျရောက်လာခြင်းဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်တွင် အဆောက်အအုံပြိုကျ တစ်ဦးသေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးနေ

ကိုင်ရို ဇူလိုင် ၁၄

အီဂျစ်နိုင်ငံ၏ နိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် သုံးထပ်အဆောက်အအုံ ပြိုကျသဖြင့် အနည်းဆုံး တစ်ဦးသေဆုံးခဲ့ရပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်ကို မန်နာသတင်းဌာနက ရေးသားဖော်ပြသည်။

ကိုင်ရိုမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာရှိ မန်ဆာရာဒေသအရှေ့ဘက်တွင် ဖြစ်ပွားခဲ့သော အဆိုပါ အဆောက်အအုံပြိုကျမှုတွင် အသက် ၆၅ နှစ်ရှိ နော်ဝယ်လ်မိုဟာမက်အယ်လ်-ဆေးယက်ဆိုသူ အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ရသည်။

ကယ်ဆယ်ရေးဝန်ထမ်းများအနေဖြင့် ပျောက်ဆုံးလျက်ရှိသူ ၁၀ ဦးအား အပျက်အစီးများအောက်တွင် ကြိုးစားရှာဖွေလျက်ရှိသော်လည်း ယနေ့တိုင် တစ်ဦးတစ်ယောက်မျှ မတွေ့ရှိသေးကြောင်း သိရှိရသည်။

အီဂျစ်နိုင်ငံ၌ အဆောက်အအုံများ မတော်တဆပြိုကျမှုများသည် ဆက်တိုက်ဆိုသလိုပင် ဖြစ်ပေါ်လျက်ရှိသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းကလည်း အီဂျစ်နိုင်ငံမြောက်ပိုင်းရှိ ပင်လယ်ကမ်းရိုးတန်းမြို့ဖြစ်သည့် အလက်ဇန္ဒြားမြို့တွင် ၁၂ ထပ်ရှိသည့် လူနေအဆောက်အအုံ ပြိုကျခဲ့သဖြင့် အနည်းဆုံး ၃၅ ဦး သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော တပ်ဖွဲ့ဝင်နှစ်ဦးကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမည်ပြောင်းခြင်း

မြင်းခြံမြို့ ထခွဲ(၁) အလက(၁) ဒသမတန်းတွင်ပညာသင်ကြားနေသော အဖ ဦးစိုးမြင့်ဦး၏သားဖြစ်သူ မောင်အောင်ဝင်းထွဋ်အား မောင်ဥက္ကါဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဥက္ကါ**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် တာယာ HJ ၏ မှတ်ပုံတင်အမှတ် RGN ၀၁၈၈၁၉ မူရင်းနှင့် ပင်စင်စာအုပ်တို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

Ph;295895

ဧစ္စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မာလာမြိုင်(၃)လမ်း၊ အိမ်အမှတ်(၆၄)နေ
ဦးကံထွန်းတင်(ဦးစီးမှူး၊ နယ်စပ်/စည်ပင်-ငြိမ်း)-
ဒေါ်စိန်ရှင်(စိန်ရှင်ရွှေဆိုင်၊ လှိုင်ဈေးကြီး)တို့၏ သားထွေး

မောင်နေထွန်းလင်း(ခ)ထောကြီး

2nd Year (Business Administration)U.K
Diploma in Business Studies U.K
MARCUS & MARCUS LTD LONDON, U.K

နှင့်

တောင်ကြီးမြို့၊ မြို့မရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၈၉)၊ သံလွင်ဟိုတယ်နေ
ဦးသိန်းညွန့်(ဦးစီးအရာရှိ DCA၊ ငြိမ်း၊ မန်နေဂျာ၊ သံလွင်ဟိုတယ်)-
ဒေါ်ခင်ညိုတို့၏ တစ်ဦးတည်းသောသမီး၊ ဦးဗိုလ်ဝင်း-ဒေါ်တင်တင်လှိုင်တို့၏ တူမ

မလင်းပပညွန့်

3rd Year (Business Management) U.K
Diploma in IATA/ UFTAA, U.K B.A(English)
MARCUS & MARCUS LTD LONDON, U.K

တို့သည် ၁၈-၆-၂၀၀၈ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်၌ ဧစ္စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်နေထွန်းလင်း–မလင်းပပညွန့်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

အုတ်တွင်းမြို့နေ ဦးအုန်းမြင့် (မြို့နယ်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-
ဒေါ်ရီရီလှ(ပုံဆွဲ-မြို့ပြ၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏သားကြီး၊
မောင်နေလင်းမြင့် (2nd Year M.E MMU) ၏အစ်ကို

ဗိုလ်နေဝင်းမြင့် B.E (Mechanical) D.S.T.A

နှင့်

ရန်ကုန်တိုင်း၊ တိုက်(၄)၊ အခန်း(၂၀၆)၊ မြိုင်ဟေဝန်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်နေ
ဦးမောင်မောင်အေး(လ/ထ ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-
ဒေါ်သန်းသန်းမြင့်တို့၏ တစ်ဦးတည်းသောသမီး၊
ဗိုလ်ကြီးရာဇာလင်း-ဒေါ်ထွေးထွေးတို့၏ညီမ

ဒေါက်တာမေပြည့်ထွန်း M.B.,B.S(Y.G.N)

တို့၏ ၁၂-၇-၂၀၀၈ ရက်တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ဇင်ဇင်ခိုင်အားလည်းကောင်း၊ ရှစ်မိုင် မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၃-၇-၂၀၀၈ရက်တွင် Summit Park View Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်အား လည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးသော ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့် ဇနီးဒေါ်ခင်သိန်းမူအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင်စိုးစန္ဒာထွန်း၊ တေးသံသာများဖြင့် ဖျော်ဖြေတီးခတ်ပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးငယ်လေး မအိရွှေစင်သိန်း၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာမူမူရှိန်၊ သတို့သားအရံများ ဖြစ်ကြသော ဗိုလ်ဖြိုးမိုးအောင်နှင့် ဗိုလ်ကျော်စိုးဝင်း၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာ မြဝတ်ရည်နှင့် ဒေါက်တာကြည်ပြာဇော်ဝင်းတို့အား လည်းကောင်း၊ သတို့သမီးဝတ်စုံ ဖန်တီးပေးသော မမဥ္ဇူ မိတ်ကပ်အောင်အောင် (တောင်ကြီး)နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော စကြာရွှေရည် စိန်ရတနာဆိုင်၊ ပန်းအလှဆင်မြန်းပေးသော လင်းလင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့် ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိ၊ အရာခံများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းမိတ်ဆွေများအား လည်းကောင်း၊ ၁၃-၇-၂၀၀၈ရက်ညတွင် M3 Restaurant၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် M3 Restaurant မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူ များ အားလုံးတို့ကိုလည်းကောင်း အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်နေဝင်းမြင့်-ဒေါက်တာမေပြည့်ထွန်း

သံတမန်ရေးရာ သင်တန်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

အခြေခံ/အဆင့်မြင့်သံတမန်ရေးရာ သင်တန်းသားများ၏ မိုးရာသီ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀နာရီတွင် သန်လျင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးလှဦး ဖုန်း-၀၉၅၀၂၁၄၉၈၊ ဦးအောင်ဇော် ဖုန်း-၀၉၅၁၈၂၅၉၅၊ ဦးမင်းနိုင် ဖုန်း-၀၉-၅၀၄၆၂၆၀၊ ဦးအောင်ချိမ်း ဖုန်း-၀၉-၅၀၁၀၆၅၆ နှင့် ဦးနိုင်ဝင်း ဖုန်း-၀၉၅၁၅၆၂၂၉ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ
ဦးမြင့်စိုး-ဒေါ်ယဉ်နု တို့၏တစ်ဦးတည်းသောသား

မောင်ရန်နိုင်စိုး

(Diploma in Graphic Designer, Mission Valley Rop), B.E(Biomedical), Second Year Master of Biomedical Engineering, Ohlone College

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးစိုးမြင့်သန်း (Engineer, Dredging int'l Belgium)-ဒေါ်မြသီတာ
တို့၏သမီးကြီး

မအိုပြည့်စုံ

Diploma in Manufacturing Engineering,
Nanyang Polytechnic Singapore
(EA in Seagate Technology International)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၁-၇-၂၀၀၈ ရက်တွင် အမေရိကန်ပြည်ထောင်စု County of Alameda, Oakland, California တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်စိုး–မအိုပြည့်စုံ

ဥတုရာသီ တောက်ပမှု၏

ဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာအထက်တန်း အောင်မြင်မှုရာနှုန်းတွင် ပထမ ရရှိသော အထက(၂)စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့် အား ငယ်သူငယ်ချင်း တစ်ယောက်အနေနှင့် ဝမ်းမြောက်စွာဂုဏ်ယူမိပါကြောင်း။

ထို့အတူ သင်ကြားပြသမှုကောင်းမွန်သော ဆရာမများနှင့် အောင်ပန်းကို ဆွတ်ခူးပေးနိုင်ခဲ့သော ကျောင်းသူလေးများအတွက်ပါ ဂုဏ်ယူမိပါကြောင်း။

ဦးကျော်တင့်–ဒေါ်သန်းသန်းအေး(ရတနာဦးမိသားစု)
ဝေါမြို့

သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) နှစ်လယ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်နှင့်တိုင်း အသင်းခွဲများမှ ကိုယ်စားလှယ်များ၏ နှစ်လယ်အစည်းအဝေးကို ဇူလိုင် ၂၆ ရက် (စနေနေ့)နံနက် ၉ နာရီတွင် သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း သွားဆေးတက္ကသိုလ်အနီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) ဘက်စုံခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

သက်ဆိုင်ရာ နယ်အသင်းခွဲများမှ ကိုယ်စားလှယ်များသည် ဖိတ်စာမရရှိပါကလည်း မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရှိရသည်။

ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ နှစ်လယ်အစည်းအဝေး အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း စုံညီဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်လိုသူ အသင်းသားများ အထွေထွေအတွင်းရေးမှူး ဒေါက်တာဌေးမြင့်ဦး ဖုန်း-၀၉-၅၀၀၆၈၉၃၊ ၀၁-၅၇၁၇၆၉ (လိုင်းခွဲ-၂၀၈)သို့ ကြိုတင်စာရင်းပေး ဆက်သွယ်နိုင်ကြသည်။ (ကျန်းမာရေး)

မြောက်ဥက္ကလာပ အမက(၈) သန့်လေးသန့်စီမံချက် အကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၁၆

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း၏ သန့်လေးသန့်စီမံချက်ဖြင့် အဆင့်မီကွန်ကရစ် ရေလောင်းအိမ်သာသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက်က အဆိုပါကျောင်းငမိုးရိပ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ငွေကျပ် ၅၂ ဒသမ ၈ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သည့် ကျားအိမ်သာ လေးခန်း၊ မအိမ်သာ လေးခန်း၊ ဆရာ၊ ဆရာမ အိမ်သာတစ်ခန်း၊ ကျားသီးသန့် အပေါ့သွားခန်း၊ ကျား/မသီးသန့် အသုံးပြုရန် လက်ဆေးဘေစင်နှင့် အမှိုက်ပုံးများပါရှိသော အဆင့်မီ ရေလောင်းအိမ်သာသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူသို့ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် အဆင့်မီ ရေလောင်း အိမ်သာသစ်အား (င)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးနေဝင်းလှိုင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။ **(အပေါ်ဝဲပုံ)** (၆၇)

ချောက်စက်မှုလက်မှုသိပ္ပံ ကျောင်းဆင်း အင်ဂျင်နီယာမိသားစုများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၆

ချောက်စက်မှုလက်မှုသိပ္ပံ ကျောင်းဆင်း အင်ဂျင်နီယာမိသားစုများ၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာကန်တော့ပွဲ အခမ်းအနားများကို ဇူလိုင်၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် မကွေးမြို့ မြသလွန်ဘုရားအရှေ့ဘက်ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မန္တလေးမြို့ ၇၀-၇၁လမ်းကြား နှင့် ၃၀-၃၁ လမ်းကြားရှိ နန်းဦးကျောင်းတိုက်၌ လည်းကောင်း၊ ဩဂုတ် ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း(၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာ ရတနာဃရဓမ္မဗိမာန်တော်ကြီး၌ လည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်၍ ကျောင်းဆင်းအင်ဂျင်နီယာမိသားစုများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃-၄၀၄၉၅၊ ဦးသောင်းညွန့် ဖုန်း-၀၂-၆၄၅၀၀ နှင့် ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉-၅၀-၁၅၆၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တောင်ငူမြို့ စာတိုက်လမ်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

တောင်ငူ ဇူလိုင် ၁၆

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တောင်ငူမြို့ စာတိုက်လမ်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ဆယ်ယူနေမှုကို အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့ ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၅မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်	
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။	

The Mirror

ယနေ့ ဆောင်းပါးနှင့် သတင်းမှတ်စု အညွှန်း

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)၏ "ပုန်းညက်ကယ်မာလာမင်း သင်းလှသည့်လဝါဆို" (ဆောင်းပါး) စာမျက်နှာ-၆

သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)၏ "ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်မှ လေဘေးသင့်စာသင်ကျောင်းများ ရေရှည်တည်တံ့ခိုင်ခံ့ရေး သံမဏိကို အသုံးပြုတည်ဆောက်" (သတင်းမှတ်စု) စာမျက်နှာ-၈

မုန်တိုင်းသင့်ဒေသများအတွက် လက်တွန်းထွန်စက် သုံးစီးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

မုန်တိုင်းသင့်ဒေသများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ အလှူရှင် ဦးလှိုင်ဟိန်း (ZBT Co., Ltd.)က ငွေကျပ် ၈၁သိန်းတန်ဖိုးရှိ ကူဘိုတာလက်တွန်းထွန်စက်နှင့် ပစ္စည်းအစုံသုံးစီးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)